မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ ၂၀၁၁ ခုနှစ်၊ မတ် ၂၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၇၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွင်း ငလျင်ဒဏ်သင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွင်း

ငလျင်ဒဏ်သင့် တာလေမြို့နှင့် မိုင်းလင်းကျေးရွာတို့၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

နယ်မြေခံတပ်မတော်သားများ တာလေမြို့၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေစဉ်။ (ဝ၆ဝ)

နေပြည်တော် မတ် ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွင်းသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၅ ရက် ညနေ ၃ နာရီတွင် လေကြောင်းခရီးဖြင့် တာချီလိတ်မြို့သို့ရောက်ရှိပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးနှင့်အတူ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာ၍ မြေငလျင်လှုပ်ခတ်မှုကြောင့် တာလေမြို့အတွင်း လမ်း၊ တံတားများ ပျက်စီးမှု၊ လူနေအိမ်နှင့် အဆောက်အအုံများ ပျက်စီးမှု၊ တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ တာလေမြို့ကယ်ဆယ်ရေးစခန်း၌ ငလျင်ဒဏ်သင့်ပြည်သူများကို အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်အောင်သန်းထွင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်သင့် တပ်နယ်မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားပြီး နယ်မြေခံတပ်ရင်းများ၏ ပျက်စီးဆုံးရှုံးမှု အခြေအနေ၊ မိုင်းလင်းကျေးရွာအတွင်း လူနေအိမ်နှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုနှင့် တာချီလိတ်မြို့ ပြည်သူ့ဆေးရုံ၌ ငလျင်ဒဏ်သင့်ပြည်သူများ ဆေးဝါးကုသမှုခံယူနေမှုတို့ကို လှည့်လည်ကြည့်ရှုသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် မတ် ၂၇ ရက်)

တပ်မတော်နေ့ဦးတည်ချက်များကို လက်တွဲပါဝင်ဖော်ဆောင်

မတ်လ ၂၇ ရက် (ယနေ့)သည် (၆၆)နှစ်မြောက် တပ်မတော်နေ့ဖြစ်ပြီး မြန်မာနိုင်ငံအတွက် ထူးခြားသော သမိုင်းဝင်နေ့ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံတွင် လွတ်လပ်ရေးသည် အချုပ်အခြာအာဏာပိုင်သော နိုင်ငံ၏ အသက်သွေးကြောပင် ဖြစ်သည်။

တပ်မတော်သည် မြန်မာနိုင်ငံနှင့် ပြည်သူတို့ကို အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်တွင် တည့်မတ်စွာ လျှောက်လှမ်းနိုင်ရေးအတွက် လမ်းပြဦးဆောင်နေသည့် အခိုင်မာဆုံးသော အမျိုးသားရေးအင်အားစုကြီး ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ရှင်သန်ပေါက်ဖွားလာခဲ့ပြီး စတင်သန္ဓေတည် ကတည်းကပင် ယနေ့ထက်တိုင် နိုင်ငံနှင့် ပြည်သူအတွက် စွမ်းစွမ်းတမံ ရပ်တည်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံနှင့် လူမျိုးအပေါ် သစ္စာရှိစွာဖြင့် အရေးကြုံတိုင်း ပြည်သူရှေ့မှရပ်တည်ပြီး ကာကွယ်ပေးခဲ့သည်မှာ တပ်မတော်၊ ပြည်ထောင်စုပြိုကွဲလုလု အခြေအနေရောက်တိုင်း အချုပ်အခြာအာဏာတည်းဟူသော လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးမှုမရှိစေရန် ကာကွယ်စောင့်ရှောက်ပေးခဲ့သည်မှာ တပ်မတော်ဖြစ်သည်။

ယနေ့အချိန်တွင် တပ်မတော်သည် နိုင်ငံနှင့်ပြည်သူအတွက် အဓိကအမျိုးသားရေးအင်အားစုကြီး တစ်ရပ်အဖြစ် ရပ်တည်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လှမ်းချီ မျက်မှောက်ပြုနိုင်ရန် ရှေ့တန်းမှ ဦးဆောင်လမ်းပြပေးလျက်ရှိသည်။ မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ဖော်ဆောင်ပြီး ပြည်သူအများ လိုလားသည့် ဒီမိုကရေစီပန်းတိုင်သို့ အချိန်အဟုန်နှင့် တစ်ဆင့်ပြီးတစ်ဆင့် တက်ရောက် ရောက်ရှိနိုင်ရေး အကောင်အထည်ဖော်ပေးလျက်ရှိသည်။

ပြည်သူများရွေးချယ်တင်မြှောက်ပေးလိုက်သည့် ပြည်သူ့ကိုယ်စားလှယ်လောင်းများဖြင့် လွှတ်တော်များကိုကျင်းပပြီး ပြည်သူအားလုံး လိုလားတောင့်တလျက်ရှိသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တက်ညီလက်ညီ ပုံဖော်တည်ဆောက်နေကြပြီ ဖြစ်သည်။

သို့ဖြစ်ပေရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်အကောင်အထည်ဖော်ရာ၌ (၆၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များကို တပ်မတော်သားများနှင့်အတူ တိုင်းရင်းသားပြည်သူများက လက်တွဲပါဝင် ဖော်ဆောင်သွားကြရန် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ် ခင်မောင်ဌေး ကော့သောင်းခရိုင်ဖွံ့ဖြိုးရေး ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၆

တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေးသည် မတ် ၁၆ ရက်က ကော့သောင်း-ဘုတ်ပြင်းလမ်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ မိုင်တိုင်အမှတ်(၉၃/၅)ရှိ ချောင်းကဗျာတံတားတည်ဆောက်ရေးလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူးသည် မတ် ၁၇ ရက်က ကော့သောင်း-ဘုတ်ပြင်းလမ်းပိုင်း ကတ္တရာလမ်းခင်းခြင်းဆောင်ရွက်နေမှုများနှင့် ဘုတ်ပြင်း-လေညာလမ်းပိုင်းရှိ ကျောက်ထုတ်စခန်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ မိုင်တိုင်အမှတ်(၁၁၅/၂)ရှိ လေညာတံတားကြံ့ခိုင်မှု၊ ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ထင်းမယ်-နန်းဆောင်လမ်း ပြုပြင်ဆောင်ရွက်နေမှု၊ ခဲချောင်း-ရွာသာယာ-မနိုးရုံးလမ်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် တိုင်းမှူးသည် တနင်္သာရီ-ဘုတ်ပြင်းလမ်းစီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး ချောင်းလမုတံတား ကြံ့ခိုင်မှု၊ ပြုပြင်ထိန်းသိမ်းမှုနှင့် ထုံခါ-ရေဖြူလမ်းဖောက်လုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့ ဈေးဟောင်းလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို မတ် ၂၃ ရက်ကကျင်းပရာ ပုသိမ်မြို့နယ်ဥက္ကဋ္ဌ ဦးပါစည်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဝင် ဦးအောင်ဇော်ဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

နွေရာသီ ရွက်လှေသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၆

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် 2011 Summer Sailing Clinic သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကို မတ်၂၂ရက် ညနေ၆နာရီက ရန်ကုန်မြို့ အင်းလျားလမ်းရှိ ရန်ကုန်ရွက်လှေအသင်း၌ ကျင်းပရာ အခမ်းအနားတွင် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်ရွက်လှေအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်နှင့် ရန်ကုန်ရွက်လှေအသင်းမှ တာဝန်ရှိသူများ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် Gold Fleet၊ Girls၊ Silver Fleet သင်တန်းပြိုင်ပွဲ ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ရန်ကုန်ရွက်လှေအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်းတို့က Youngest Sailor ဆုရရှိသော အမက(၂) ကမာရွတ်မှ ကျောင်းသူ မဖူးမြတ်မွန်အား ဆုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (ဝဲပုံ)

(မြန်မာ့အလင်း)

ငါးသယံဇာတထိန်းသိမ်းရေး သာပေါင်းမြို့၌ ပညာပေးဆွေးနွေး

သာပေါင်း မတ် ၂၆

ငါးသလောက် ငါးမျိုးသယံဇာတ ထိန်းသိမ်းရေး ပညာပေးဆွေးနွေးပွဲကို သာပေါင်းမြို့နယ် ငဝန်မြစ်ဘေးရှိ ခေနန်ကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာတွင် မတ် ၁၅ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ ဆွေးနွေးပွဲသို့ ငဝန်မြစ်ဘေးတွင်ရှိသည့် ကျေးရွာများဖြစ်သည့် ငဝန်ဒေါင့်ကြီး၊ ဘုရားကုန်း၊ သောင်တန်း၊ လက်ပံကွင်း၊ သာယာကုန်း၊ ဝါးယားချောင်း၊ ရွှေရောင်ချိုင်း၊ ငါးခုံးမချောင်း၊ ချဉ်ပေါင်ပင်၊ ကြို့ကုန်း၊ တပင်ချောင်း စသည့် ကျေးရွာပေါင်း ၁၁ရွာမှ ငါးသလောက်ဖမ်းဆီးသည့် ရေလုပ်သားပေါင်း ၃၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ပညာပေးဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်းက ငါးသလောက်ငါးမျိုး ထိန်းသိမ်းခြင်းလုပ်ငန်းများအကြောင်း ရှင်းလင်းဆွေးနွေးပြီး ငါးသလောက်ဖမ်းဆီးရာတွင် ပိုက်ကွက် လေးလက်မအောက်ငယ်သော မျှောပိုက်များဖြင့် ဖမ်းဆီးခြင်း၊ ပိုက်အိတ် နှစ်လက်မပိုက်ကွက်အောက်ငယ်သော ကျားပိုက်များဖြင့် ဖမ်းဆီးခြင်း၊ ဇာပြာပိုက်အသုံးပြုခြင်း၊ ပိုက်ကွက် ၀ ဒသမ ၅လက်မအောက်ငယ်သော ဖော့ဇာပိုက်များအသုံးပြု၍ သောင်ဆွဲပိုက်များဖြင့် ငါးဖမ်းဆီးခြင်းများ မပြုကြရန်နှင့် ငါးသလောက်များ ဥချသားပေါက်ချိန်တွင် ဖမ်းဆီးခြင်း၊ ဘက်ထရီရှော့တိုက်ခြင်း၊ ဆေးချငါးဖမ်းဆီးခြင်းများ မပြုကြရန် ပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(အပေါ်ဝဲပုံ)

(ငါးလုပ်ငန်းဦးစီး)

မောက်မယ်မြို့၌ ကတ္တရာလမ်းသစ်ဖွင့်

မောက်မယ် မတ် ၂၆

မောက်မယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် တပင်ရွှေထီး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၂ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ရာ ကတ္တရာလမ်းသစ်ကို မောက်မယ်မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းဝင်းအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မွေတော်ရပ်ကွက်ဥက္ကဋ္ဌတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ အဆိုပါကတ္တရာလမ်းသစ်မှာ အရှည်ပေ ၃၆၀၊ အကျယ် ၁၂ပေရှိကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

မီး သတိပြု

လက်တွေ့မီးငြိမ်းသတ်

ဖောင်းပြင်မြို့ စည်ပင်သာယာဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၁၆ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလေးမော်၊ မြို့နယ်အရန်မီးသတ် ဒုတိယ တပ်ရင်းမှူး ဦးကံထွန်းနှင့် မီးသတ်အဖွဲ့ဝင်များ ပူးပေါင်း၍ လက်တွေ့ မီးငြိမ်းသတ်ခြင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးခိုင်ထွန်း ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်မီးသတ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး၊ ဝန်ကြီး ဦးမောင်မောင်ဆွေနှင့် တာဝန်ရှိသူများ ငလျင်ဒဏ်သင့်ပြည်သူများကို အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ယင်းနောက် ဒေသခံပြည်သူများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်တိုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန်နှင့် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်ဗိုလ်ချုပ်အောင်သန်းထွန်းသည် တိုင်းမှူးဗိုလ်မှူးချုပ်သန်းထွန်းဦး၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၆ ရက် နံနက် ၇ နာရီတွင် တပ်နယ်အတွင်း ငလျင်ဒဏ်ကြောင့် လူနေအိမ်များနှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများကို ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်သင့် တပ်နယ်မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားကာ တပ်နယ်မိသားစုဝင်များအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် တာလေမြို့အတွင်း နယ်မြေခံတပ်မတော်သားများ၊ ဒေသအာဏာပိုင်များနှင့် ကယ်ဆယ်ရေးအဖွဲ့များ၏ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လူနေအိမ်များ၊ သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းနှင့်ဌာနဆိုင်ရာ အဆောက်အအုံများ၊ လမ်း/တံတားများ ပျက်စီးဆုံးရှုံးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ တာလေမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်းနှင့် မြို့နယ်ဌာနဆိုင်ရာအဆောက်အအုံများ၊ ပြည်သူ့ဆေးရုံနှင့် တာလေရဲတပ်ဖွဲ့စခန်း ပျက်စီးဆုံးရှုံးမှု၊ နယ်မြေခံတပ်မတော်သားများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်သင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများကိုပေးအပ်၍ လူနာများအား အရေးပေါ်ကုသနိုင်ရန် ယာယီဆေးကုသဆောင်များ အမြန်ဆောင်ရွက်ထားရှိရန်နှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်တိုအတွင်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရန်တို့ကို မှာကြားသည်။

ပေးအပ်

ထို့နောက် ဗိုလ်ချုပ်အောင်သန်းထွန်း၊ တိုင်းမှူး၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်တို့သည် နံနက် ၁၁ နာရီတွင် တာလေမြို့သို့ရောက်ရှိကြပြီး နယ်မြေခံတပ်နယ်၌ ငလျင်ဒဏ်သင့် တပ်နယ်မိသားစုဝင်များနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကြပြီး ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်အောင်သန်းထွန်း၊ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် တာလေမြို့ (အုတ်ကျင်း) ကယ်ဆယ်ရေးစခန်းရှိ ငလျင်ဒဏ်သင့် ပြည်သူများနှင့်တွေ့ဆုံပြီး အားပေးစကား ပြောကြားကြ၍ ဝန်ကြီး ဦးမောင်မောင်ဆွေက သဘာဝဘေးအန္တရာယ်များအကြောင်း ပြည်သူတိုင်းသိရှိနားလည်၍ အချိန်မီကြိုတင်ကာကွယ်နိုင်ကြရန်နှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်အောင်သန်းထွန်း၊ တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ထောက်ပံ့ငွေ၊ ထောက်ပံ့ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် ဆန်အိတ်များကို ပေးအပ်ကြသည်။

ယင်းနောက် တာလေမြို့ရှိ လမ်းနှင့် တံတားများ ပျက်စီးဆုံးရှုံးမှု၊ လူနေအိမ်များ ပျက်စီးဆုံးရှုံးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ငလျင်ဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကြပြီး ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် တာလေမြို့ရှိ ကယ်ဆယ်ရေးစခန်းများ၌ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေး စောင့်ရှောက်ပေးနေမှုနှင့် ဒေသအာဏာပိုင် အဖွဲ့အစည်းများ၊ နယ်မြေခံ တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကယ်ဆယ်ရေးအဖွဲ့များက တာလေမြို့နှင့် ငလျင်ဒဏ်သင့် ကျေးရွာများအတွင်း ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ မိုင်းလင်းကျေးရွာ ကယ်ဆယ်ရေးစခန်းရှိ ငလျင်ဒဏ်သင့် ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကြကာ ထောက်ပံ့ငွေ၊ ထောက်ပံ့ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကြသည်။

ထို့နောက် တာလေမြို့ ကယ်ဆယ်ရေးစခန်းရှိ ငလျင်ဒဏ်သင့် ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အားပေးစကား ပြောကြားကြကာ ဝန်ကြီး ဦးမောင်မောင်ဆွေ၊ ဗိုလ်ချုပ်အောင်သန်းထွန်း၊ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးများက ထောက်ပံ့ငွေ၊ ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများ၊ ဆန်အိတ်များနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်ကြသည်။

တက်ရောက်

ယင်းနောက် ဗိုလ်ချုပ်အောင်သန်းထွန်း၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးများသည် မွန်းလွဲ ၂ နာရီခွဲတွင် တာလေတပ်နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးဦးမောင်မောင်ဆွေနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူးက ငလျင်ဒဏ်သင့်ဒေသအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ ကော်မတီအလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗိုလ်ချုပ်အောင်သန်းထွန်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ငလျင်ဒဏ်သင့် ပြည်သူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ဝိုင်းဝန်းလုပ်အားပေး

ထို့ပြင် မတ် ၂၅ ရက်နှင့် မတ် ၂၆ ရက်များတွင် ကျိုင်းတုံမြို့၌ ကျိုင်းတုံတပ်နယ်မှူးဦးစီး၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများသည် ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်းရန် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ရောက်ရှိလာသော ကယ်ဆယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ အိမ်သုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို မော်တော်ယာဉ်ပေါ်သို့ ဝိုင်းဝန်းသယ်ဆောင်ပေးကာ ငလျင်ဘေးဒဏ်သင့် ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးရောက်ရှိစေရေး ဝိုင်းဝန်းလုပ်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ဆေး ဝန် ထမ်း တပ်ဖွဲ့ဝင်များနှင့် ကျန်း မာ ရေး ဝန် ထမ်း များ ငလျင်ဒဏ်ကြောင့် ထိခိုက် ဒဏ်ရာ ရရှိ သူများ အား ဆေး ကု သ ပေး နေစဉ်။
(သတင်းစဉ်)

ငလျင်ဒဏ်သင့်ပြည်သူများအတွက် စေတနာရှင်ပြည်သူများက ကယ်ဆယ်ရေးစခန်းများသို့ အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများ၊ ဆန်အိတ်များနှင့် ဆေးဝါးပစ္စည်းများ လာရောက်လှူဒါန်းကြစဉ်။
(ဝဖ၀)

ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် ကယ်ဆယ်ရေးထောက်ပံ့မှုပစ္စည်းများပေးပို့

ရန်ကုန် မတ် ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) လွယ်မွေမြို့အနီး ဗဟိုပြု၍ မတ် ၂၄ ရက် ည ၈ နာရီခွဲခန့်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ဘေးဒုက္ခကြုံတွေ့ရသူများအား အရေးပေါ်ထောက်ပံ့ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနက မိုးကာတဲ၊ မိုးကာစ၊ စောင်၊ မာမီးခေါက်ဆွဲ၊ ဆန်၊ ငါးခြောက်၊ ဆား၊ ငါးသေတ္တာ၊ ကျားလုံချည်၊ မလုံချည်၊ မျက်နှာသုတ်ပဝါ၊ ဒန်အိုးနှင့်ဇလုံများကို မတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် တပ်မတော်လေယာဉ်ဖြင့် ပေးပို့ခဲ့ကြောင်းနှင့် ကယ်ဆယ်ရေးပစ္စည်းများအား ဆက်လက်ပေးပို့ရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်းများ

ပါကစ္စတန်၌ ဘတ်စ်ကားနှစ်စီးတိုက်ခိုက်ခံရ ၁၃ ဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရရှိ

အစ္စလမ္မာဘတ် မတ် ၂၆

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း အကြမ်းဖက်လက်နက်ကိုင်များ လှုပ်ရှားရာနယ်မြေတွင် မတ် ၂၆ ရက် နံနက်က ခရီးသည်တင် ဘတ်စ်ကားနှစ်စီးကို လက်နက်ကိုင်များက ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ခရီးသည် ၁၃ ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။ **(ယာပုံ)**

ဖြစ်ပွားမှုမှာ ၎င်းဘတ်စ်ကားနှစ်စီး ပက်ရှ်ဝါမြို့မှ နယ်စပ်ရှိ ပါရာချီနာမြို့သို့ မောင်းနှင်လာစဉ် တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။ မတ် ၂၅ ရက်ကလည်း လိုဝါကူရမ်မြို့တွင် မော်တော်ယာဉ်သုံးစီးနှင့်အတူ ခရီးသည် ၁၅ ဦးအား လက်နက်ကိုင်များက ဓားစာခံအဖြစ် ဖမ်းဆီးသွားခဲ့သည်။

ထို့အတူ မတ် ၂၆ ရက်က ပါကစ္စတန်အစိုးရ အရာရှိငါးဦးနှင့် ကန်ထရိုက်တာတစ်ဦးတို့ကိုလည်း မိုင်ဒါနီရေကာတာမှနေ၍ လက်နက်ကိုင်အကြမ်းဖက်သမားများက ဖမ်းဆီးသွားခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံတစ်ဝန်း အများနှင့်ဆိုင်သည့်နေရာများ ဆေးလိပ်သောက်မှုတားမြစ်မည်

ပေကျင်း မတ် ၂၆

တရုတ်နိုင်ငံတစ်ဝန်းရှိ အများပြည်သူများနှင့်သက်ဆိုင်သည့်နေရာများတွင် မေ ၁ ရက်မှစတင်ကာ ဆေးလိပ်သောက်သုံးမှု တားမြစ်မည်ဖြစ်ကြောင်း၊ စားသောက်ဆိုင်များ၊ ဘတ်စ်ကားများ ပေါ်အပါအဝင် နေရာအများအပြားပါဝင်ကြောင်း တရုတ်ကျန်းမာရေးဝန်ကြီးဌာနက မတ် ၂၅ ရက်၌ သတင်းထုတ်ပြန်သည်။

ခံစားနေ

တရုတ်နိုင်ငံလူဦးရေ၏ လေးပုံတစ်ပုံမှာ ဆေးလိပ်သောက်သူများဖြစ်ပြီး နှစ်စဉ်လူတစ်သန်းခန့်မှာ ဆေးလိပ်နှင့်ပတ်သက်သည့် ရောဂါများ ခံစားနေရလျက်ရှိသည်။

တားမြစ်ခဲ့

ကမ္ဘာတစ်ဝန်း၌ သေဆုံးသူငါးဦးလျှင် တစ်ဦးမှာ ဆေးလိပ်သောက်ခြင်းကြောင့် သေဆုံးလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်သော သတင်း၌ဖော်ပြထားသည်။ တရုတ်နိုင်ငံတွင် ဆေးရုံများ၌ ဆေးလိပ်သောက်သုံးမှုကို မကြာသေးမီက တားမြစ်ခဲ့ပြီးဖြစ်သည်။

ထားရှိသွား

အများပြည်သူတို့နှင့် သက်ဆိုင်သည့်နေရာများတွင် ဆေးလိပ်သောက်မှုပိတ်ပင်မည့်အပြင် ဆေးလိပ်သောက်ခြင်း ဆိုးကျိုးဖြစ်ပေါ်စေမည့် သတိပေးမှုများကိုလည်း ထားရှိသွားမည်ဖြစ်သည်။ **(အင်တာနက်)**

ပေကျင်းမြို့လယ်၌ မီးလောင်မှုဖြစ်ပွား

ပေကျင်း မတ် ၂၆

တရုတ်နိုင်ငံမြို့တော် ပေကျင်းမြို့လယ်တွင် မတ် ၂၄ ရက်က အထပ်မြင့် အဆောက်အအုံတစ်လုံး မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း၊ အဆောက်အအုံ အစိတ်အပိုင်းအချို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း မီးသတ်တပ်ဖွဲ့က မတ် ၂၅ ရက်၌ ပြောကြားသည်။

မီးလောင်ခဲ့

မီးလောင်မှုဖြစ်ပွားသည့်နေရာမှာ ပေကျင်းမြို့လယ် ဟူကျီရာလူအရပ်ရှိ စာသင်ကျောင်းတစ်ကျောင်း၏ မြောက်ဘက် ဆောက်လက်စအဆောက်အအုံ၏ တတိယထပ်တွင်ဖြစ်ပြီး မတ် ၂၄ ရက် ညနေ ၅ နာရီက မီးလောင်ခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

မြင်တွေ့ရ

မီးသတ်တပ်ဖွဲ့ဝင်များ၏ ကြိုးစားမှုကြောင့် ညနေ ၆ နာရီ မိနစ် ၂၀၌ မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ မီးခိုးများ ဝေဟင်သို့ ထွက်ပေါ်နေသည်ကို အဝေးမှမြင်တွေ့ရကြောင်း၊ မီးလောင်သည့်နေရာတွင် ပိတ်မိနေခဲ့သူများမရှိကြောင်း မီးသတ်တပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘောဒီးယား၌ တီဘီကြောင့်သေဆုံးမှု နေ့စဉ် လူ ၃၀ ခန့်ရှိ

ဖနောင်ပင် မတ် ၂၆

ကမ္ဘောဒီးယားနိုင်ငံ၌ နေ့စဉ် တီဘီရောဂါကြောင့် သေဆုံးသူ ၃၀ခန့်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းပြောကြားချက်ကို ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ဒဗလျူအိတ်ချ်အိုဌာနေကိုယ်စားလှယ် ဒေါက်တာပီတာဝန်မာရင်က မတ် ၂၄ ရက်တွင် ပြောကြားသည်။

မြို့တော် ဖနောင်ပင်မြို့ရှိ တီဘီနှင့် အနာကြီးရောဂါ ထိန်းချုပ်ရေးဌာန၌ ကမ္ဘာ့တီဘီရောဂါနေ့ နှစ်ပတ်လည် အခမ်းအနား၌ ၎င်းက အထက်ပါ အတိုင်းပြောကြားလိုက်ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင် တတိယအများဆုံး တီဘီရောဂါဖြစ်ပွားသည့် နိုင်ငံဖြစ်ကြောင်း၊ သို့ရာတွင် လွန်ခဲ့သော နှစ် ၂၀ က လူနာ တစ်သိန်းလျှင် ၁၇၅ ဦး သေဆုံးခဲ့ရာမှ ယခုအခါ ၇၁ ဦးသာ သေဆုံးကြောင်းသိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျေရုဆလင်၌ ဗုံးပေါက်ကွဲ တစ်ဦးသေဆုံး

ဂျေရုဆလင် မတ် ၂၆

ပါလက်စတိုင်း ဂါဇာမြို့မှ အစ္စရေးနိုင်ငံအတွင်းသို့ မတ် ၂၄ ရက်တွင် လက်နက်ကိုင်များက ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ရာ ဂျေရုဆလင်မြို့၌ ဗုံးပေါက်ကွဲမှု တစ်ရပ်ဖြစ်ပွားပြီး အမျိုးသမီးတစ်ဦး သေဆုံးကာ ၅၀ ခန့်ဒဏ်ရာရရှိခဲ့ကြောင်း အစ္စရေးစစ်ဘက်မှ မတ် ၂၅ ရက်၌ သတင်းထုတ်ပြန်သည်။

ဖော်ပြ

ဂျေရုဆလင်မြို့တွင် မကြာမီနှစ်များအတွင်း ဗုံးပေါက်ကွဲမှုဖြစ်ပွားခြင်းမှာ ယခုအကြိမ်သည် ပထမဆုံး ဖြစ်သည်။ ဂါဇာမြို့မှ လက်နက်ကိုင်များ၏ ပစ်ခတ်ခဲ့သည့် ဒုံးကျည်များအနက် တစ်စင်းမှာ အစ္စရေးတောင်ပိုင်း အက်ရှ်ဒေါ့မြို့တွင်း ကျရောက်ခဲ့ပြီး အဆောက်အအုံအချို့ ပျက်စီးခဲ့သည်။ **(အပေါ်ပုံ)** **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

နှစ်သန်း ၁၁၀ ခန့်က ဒိုင်နိုဆောအရိုးစု တူနီးရှား၌ တွေ့ရှိ

တူနစ် မတ် ၂၆

တူနီးရှားနိုင်ငံ တောင်ပိုင်းတွင် လွန်ခဲ့သည့် နှစ်သန်း ၁၁၀ ခန့်က ကျင်လည် ကျက်စားခဲ့သော ဒိုင်နိုဆောဟု ယုံကြည်ရသည့် သတ္တဝါတစ်ကောင်၏ အရိုးစုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း တူနီးရှားသတင်းဌာန တီအေပီက မတ် ၂၆ ရက်၌ သတင်းထုတ်ပြန်သည်။

၎င်းအရိုးစုကို တူနီးရှားနိုင်ငံ မြို့တော်တူးနစ်တောင်ဘက် ကီလိုမီတာ ၄၅၀ ခန့်အကွာ တာတောအီနေမြို့အနီး မြေအောက်မှ တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

ထိန်းသိမ်းထား

တူနီးရှားသတ္တုလုပ်ငန်း လုပ်ကွက်တစ်ခု၌ အင်ဂျင်နီယာလုပ်ငန်းများ လုပ်ကိုင်နေစဉ် အရှည် ၁၅ မီတာခန့်ရှိသော ဒိုင်နိုဆောအရိုးစုကို ရှာဖွေတွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ ၎င်းအရိုးစုကို အီတလီနိုင်ငံ ဘိုလော့ဂ်နာမြို့ရှိ သိပ္ပံဓာတ်ခွဲစမ်းသပ်ဌာနသို့ ပေးပို့ကာ စစ်ဆေးစေခြင်းမပြုမီ တူနီးရှားအာဏာပိုင်များက ခေတ္တထိန်းသိမ်းထားသည်။ (အပေါ်ပုံ)

တူနီးရှားနှင့် အီတလီသုတေသနပညာရှင်များက နှစ်သန်း ၁၁၀ ခန့်က ဒိုင်နိုဆောတစ်ကောင်၏ ရုပ်ကြွင်းဖြစ်ကြောင်း၊ စမ်းသပ်စစ်ဆေးမှုများပြီးဆုံးပါက တူနီးရှားနိုင်ငံ တာတောအီနေမြို့ပြတိုက်သို့ ပေးပို့ပြသထားမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။

(အင်တာနက်)

⊛ မိုးမြင့်လင်းလက် -- စုစည်းသည် ⊛

သဲမုန်တိုင်းများ ကူဝိတ်၌ တိုက်ခတ်

ကူဝိတ်စီးတီး မတ် ၂၆

ကူဝိတ်နိုင်ငံတစ်ဝန်းတွင် သဲမုန်တိုင်းများ ဆိုးရွားစွာ တိုက်ခတ်နေမှုကြောင့် ကူဝိတ်စီးတီးရှိ နိုင်ငံတကာလေဆိပ်ကို ပိတ်ထားလိုက်ရကြောင်း ကူဝိတ်လေဆိပ်အရာရှိများက မတ် ၂၆ ရက်၌ သတင်းထုတ်ပြန်သည်။ **(ယာပုံ)**



ဖျက်သိမ်းခဲ့

ကူဝိတ် နိုင်ငံတကာလေဆိပ်သို့ ဆင်းသက်မည့် လေယာဉ်များသည် အနီးဝန်းကျင်ရှိ လေဆိပ်များသို့ ဆင်းသက်ခဲ့ရပြီး ကူဝိတ်နိုင်ငံတကာလေဆိပ်မှပျံသန်းမည့် လေယာဉ်ခရီးစဉ်များကိုလည်း ဖျက်သိမ်းခဲ့ရသည်။

တိုက်ခတ်

ထို့အတူ ကူဝိတ်မှ ရေနံတင်ပို့မှုများလည်း သဲမုန်တိုင်းများ တိုက်ခတ်နေမှုကြောင့် ရပ်ဆိုင်းထားရကြောင်း၊ သဲမုန်တိုင်းမှာ ဆက်လက်တိုက်ခတ်လျက် ရှိနေသေးကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**



ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၆

ကျန်းမာရေးဝန်ကြီးဌာနက ကျင်းပသည့် ၂၀၁၁ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၈ နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အမှာစကားပြောကြားရာတွင် **(အပေါ်ပုံ)** တီဘီရောဂါသည် လူသားများကို လွန်ခဲ့သည့် နှစ်ပေါင်း ၆၀၀၀ နီးပါးကစပြီး ကူးစက်ပြန့်ပွားခဲ့သည်ဖြစ်ကြောင်း၊ တီဘီရောဂါဖြစ်စေသည့်ပိုးကို ၁၈၈၂ခုနှစ် မတ်လ ၂၄ရက်နေ့တွင် ဂျာမန်သိပ္ပံပညာရှင် ဒေါက်တာရောဘတ်ကော့(ချ်) (Dr.Robert Koch) က ပထမဦးဆုံး စတင်တွေ့ရှိခဲ့ကြောင်း၊ ဒေါက်တာ ရောဘတ်ကော့(ချ်) (Dr.Robert Koch)အား ဂုဏ်ပြုသောအားဖြင့် ၁၉၉၆ခုနှစ်မှစ၍ မတ်လ ၂၄ရက်နေ့ကို ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ပြီး ကျင်းပလာရာ ယနေ့ဆိုလျှင် (၁၆)ကြိမ်ရှိပြီဖြစ်ကြောင်း။

ကမ္ဘာ့တီဘီရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုသည် ၂၀၀၄ခုနှစ်မှစ၍ တဖြည်းဖြည်းလျော့နည်းကျဆင်းလျက်ရှိနေသော်လည်း ယနေ့ ကမ္ဘာမှာ နှစ်စဉ်တီဘီရောဂါဖြစ်ပွားသူ ၉ဒသမ ၄ သန်းခန့်ရှိပြီး သေဆုံးသူမှာ ၁ဒသမ ၇သန်းခန့်ရှိနေကြောင်း၊ တီဘီရောဂါဖြစ်ပွားသူများ၏ ၈၀ ရာခိုင်နှုန်းသည် ၁၅နှစ်မှ ၅၄နှစ်ကြားရှိသူများဖြစ်ကြပြီး တိုင်းပြည်၏ ကုန်ထုတ်စွမ်းအားအပေးနိုင်ဆုံးအုပ်စုမှ ဖြစ်ပွားနေသည်ကိုတွေ့ရကြောင်း၊ ကမ္ဘာ့တီဘီရောဂါဖြစ်ပွားမှု၏ ၈၅ရာခိုင်နှုန်းနှင့် တီဘီရောဂါဖြင့် သေဆုံးသူများ၏၉၀ရာခိုင်နှုန်းမှာ ကမ္ဘာ့တီဘီအဖြစ်အများဆုံး ၂၂ နိုင်ငံမှဖြစ်ကြောင်း၊ အရှေ့တောင်အာရှမှမြန်မာနိုင်ငံအပါအဝင် အိန္ဒိယ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်စသည့်နိုင်ငံများလည်းပါဝင်ကြောင်း။

ကုသမှုခံယူ

ယခုအခါတွင် ရန်ကုန်နှင့် မန္တလေးတီဘီဓာတ်ခွဲဌာနများကို Bio-safety Level (3) (BSL.3) အဆင့်မြှင့်ပြီး Liquid Culture & drug Sensitivity test, line Probe As-say သုံး၍ အဖြေကို အချိန်တိုအတွင်း သိရှိနိုင်ပြီဖြစ်ကြောင်း၊ ဆေးယဉ်ပါးတီဘီကို ကုသမှုပေးနိုင်ရန်အတွက် နိုင်ငံနှင့် သင့်လျော်မည့်ကုထုံးများ ချမှတ်ပြီး အောင်ဆန်းတီဘီဆေးရုံကြီးနှင့် ပုသိမ်ကြီးတီဘီဆေးရုံကြီးများမှ သမားတော်များနှင့် ၂၀၀၉ခုနှစ် ဇူလိုင်လမှစတင်ကုသရာ စုစုပေါင်း ၂၀၀ခန့် ကုသမှုခံယူလျက်ရှိကြောင်း။

ဆောင်ရွက်ပေး

TB/HIV ဒွန်တွဲခံစားနေကြသော ဝေဒနာရှင်များအတွက် ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးနေ့စီမံချက်၊ WHO, UNION, MSF (Holland) တို့နှင့် ပူးပေါင်းပြီး ကာကွယ်မှုနှင့် ART ဆေးကုသပေးခြင်းကို မြို့နယ် ၁၁ မြို့နယ်တွင် ဆောင်ရွက်လျက်ရှိပြီး ယခုအထိ တီဘီဝေဒနာရှင် ၄၀၀၀ ကျော်ကို ARTဆေးကုသမှုရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr.H.S.B. Tennakoon က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးထံမှ ၂၀၁၁ ခုနှစ် ကမ္ဘာ့တီဘီရောဂါကာကွယ်တိုက်ဖျက်ရေးနေ့အတွက် ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိကာယ်စာမေးပွဲ ကျင်းပမည်

နေပြည်တော် မတ် ၂၆

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၂၀၁၁ခုနှစ် နိကာယ်စာမေးပွဲကို ဧပြီ ၇ ရက်မှစ၍ ဧပြီ ၁၁ ရက်အထိ ငါးရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်သည်။

စာမေးပွဲကျင်းပစဉ်အတွင်း သတ်မှတ်ထားသော အုပ်စုအသီးသီးတွင်ပါဝင်သော ပြဋ္ဌာန်းချက်ကျမ်းစဉ်များအလိုက် နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

စာမေးပွဲအချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့များသို့ ဆက်လက်ပေးပို့မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

အရာတော်မြို့နယ် ငါးတောမကျေးရွာအုပ်စု ကံသာကျေးရွာတွင် အလှူရှင် နှစ်လက်မစက်ရေတွင်း၊ ရေစက်ရုံ၊ အုတ်ရေကန်ဖွင့်ပွဲကို မတ် ၁၅ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ အမှုဆောင်အရာရှိ ဦးခင်မောင်ခနှင့် ရပ်မိရပ်ဖ ဦးခင်အောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)



ဗဟန်းမြို့နယ် ကျိုက္ကဆံ့ရတနာလမ်း အမှတ်၂၃နေ ကိုသန့်စင်နှင့် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် ၁၁၀၀၀၀ လှူဒါန်းရာ နာယက ဗိုလ်မှူးချုပ် အေဘယ်လ်(ငြိမ်း)နှင့် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်တို့ လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း
နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၂၆

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (၁၆) ကြိမ်မြောက် နှစ်ပတ်လည်အကြို အထူးအစည်းအဝေးကို ဧပြီ ၃ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း အမှတ် ၂၈၈/၂၉၀ရှိ MWEA အစည်းအဝေးခန်းမ၌လည်းကောင်း၊ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ဧပြီ ၃၀ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel (Grand Ballroom)၌ လည်းကောင်း ကျင်းပမည်ဖြစ်ရာ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း အသင်းဝင်များ မပျက်မကွက် အစည်းအဝေး တက်ရောက်ကြရန်နှင့် နှစ်ပတ်လည်အထွေထွေအစည်းအဝေးနှင့်အတူ အသင်းဝင်များ၏ ထုတ်ကုန်ပစ္စည်းဈေးရောင်းပွဲတော်ကိုပါ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း)

TECH ၏ အင်ဂျင်နီယာသင်တန်းများ
တက်ရောက်သင်ယူနိုင်

ရန်ကုန် မတ် ၂၆

၂၀၁၁ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုပြီးသူ လူငယ်များသည် City and Guilds (UK) ၏ အင်ဂျင်နီယာ Diploma အောင်လက်မှတ်များကို အချိန်တိုကာလအတွင်း တက်ရောက်ရယူကာ နိုင်ငံတကာတွင် ပညာဆက်လက်သင်ယူရေး၊ အလုပ်အကိုင်များ လွယ်ကူလျင်မြန်စွာ ရရှိနိုင်ရေးအတွက် ၁၉၉၈ခုနှစ်မှစတင်၍ ၁၄နှစ်တိုင်တိုင် စဉ်ဆက်မပြတ် ဖွင့်လှစ်ခဲ့သော TECH Training Centre ၌ အင်ဂျင်နီယာပညာရပ်များကို လေ့လာဆည်းပူးနိုင်ပြီး ပထမဆုံးစာရင်းသွင်းသူ ကျောင်းသား ကျောင်းသူ ၁၅ဦးအား သင်တန်းကြေး ၂၅ရာခိုင်နှုန်း လျှော့ပေးမည်ဖြစ်ကြောင်း သိရသည်။

အင်ဂျင်နီယာဘာသာရပ်များ၏ အခြေခံသင်ခန်းစာများနှင့် သက်ဆိုင်ရာ အင်ဂျင်နီယာဘာသာရပ်များကို TECH မှ ကျွမ်းကျင်အင်ဂျင်နီယာ ဆရာ ဆရာမများက စာတွေ့လက်တွေ့ စနစ်တကျ ပို့ချပေးခဲ့သဖြင့် ကမ္ဘာ့အမှတ်အများဆုံး ရွှေတံဆိပ်ဆုရှင် ခြောက်ဦးအထိ အောင်မြင်စွာမွေးထုတ်နိုင်ခဲ့ပြီး လေ့ကျင့်ပေးခဲ့သော အင်ဂျင်နီယာ Diploma သင်တန်းသားများမှာ ၅၀၀၀ ကျော်ပြီဖြစ်ကြောင်း သိရသည်။

TECH မှပို့ချသော သင်တန်းများမှာ တစ်နှစ်ကြာ Civil (Construction), Electrical Power, Electronic, Mechanical, Mechatronic နှင့် Mechanical and Electrical (M&E) တို့ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

TECH နှင့်စပ်လျဉ်း၍ အမှတ် (၁၁) အောင်မြေသာစည်လမ်း ဆင်ရေတွင်း မှတ်တိုင်အနီး ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း -၅၂၃၅၇၉ နှင့် ၀၉-၇၃၀၄၃၆၈၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ရုပ်ရှင်အမြည်း

လာထား အာဘွား မြန်မာဇာတ်ကားနှင့်အပြိုင်
BATTLE: LOSANGELES နိုင်ငံခြားဇာတ်ကားသစ်ရုံဝင်လာ

ရန်ကုန် မတ် ၂၆

ယခုသီတင်းပတ် (သောကြာနေ့) မတ် ၂၅ရက်တွင် ရန်ကုန်မြို့ရှိ သမ္မတ၊ သွင်နှင့် မင်္ဂလာရုပ်ရှင်ရုံတို့တွင် **လာထား အာဘွား** အမည်ရှိ မြန်မာဟာသ ဇာတ်မြူးရုပ်ရှင်ဇာတ်ကား ရုံဝင်လာသည်။

ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) ရိုက်ကူးပြီး နေတိုး၊ ရန်အောင်၊ ဝေဠုကျော်၊ နန္ဒ၊ သက်မွန်မြင့်နှင့် ခရစ္စတီးနားတို့ ပါဝင်သရုပ်ဆောင်ထားသည်။ ငွေကြေးဥစ္စာပစ္စည်းများကို အကောက်ကြံကာ ရယူလိုသူများ နောက်ဆုံး၌ တရားဥပဒေအရ အရေးယူခံရပုံ၊ ကံကြမ္မာမျက်နှာသာပေးမှုကြောင့် ချစ်သူဘဝ ရောက်ရှိခဲ့ကြပုံများကို အလွဲအချော်လေးများဖြင့် စိတ်လှုပ်ရှားဖွယ် ဟာသနှော ရိုက်ကူးထားသည်။

လာထား အာဘွားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ရှေ့ဆောင်ရုံတွင် **ကြိုးကြာတောင်ပံခတ်သံ** ဇာတ်ကားပြသနေပြီး နေပြည်တော်ရုံတွင် **BATTLE: LOSANGELES** ရုပ်ရှင်ဇာတ်ကားသစ် ရုံဝင်လာသည်။ ဒါရိုက်တာ Jonathan Liebesman ရိုက်ကူးထားပြီး Aaron Eckhart နှင့် Michelle Rodrigue တို့ သရုပ်ဆောင်ထားကြသည့် အက်ရှင်ဇာတ်ကားဖြစ်သည်။ အာကာသသိပ္ပံဇာတ်လမ်းဖြစ်ပြီး ပီပြင်သော ဇာတ်ဝင်ခန်းများဖြင့် ပရိသတ်ကို ရင်တမမဖြစ်စေမည့်ဇာတ်ကားဖြစ်ပါကြောင်း ရုပ်ရှင်အမြည်းအဖြစ် ရေးသားလိုက်ရပါသည်။

(မြန်မာ့အလင်း)

လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း
ပုသိမ်ကြီးမြို့နယ်၌ ကွင်းဆင်းစစ်ဆေး

ပုသိမ်ကြီး မတ် ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းဝင်းသည် မန္တလေးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးခင်မောင်ရွှေ၊ အထက်မြန်မာပြည် ကြေးတိုင်ဦးစီးဌာနမှူး ဦးမင်းသိန်း၊ မန္တလေးမြို့တော်မြေစာရင်းဦးစီးဌာနမှူး ဦးသိန်းထွန်းဇော်၊ လယ်ယာသန်းခေါင်ရုံးချုပ်မှ ဦးစီးအရာရှိ ဦးတင့်လွင်တို့လိုက်ပါလျက် မတ် ၁၃ရက်က ၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း၊ နောက်ဆက်တွဲ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ပုသိမ်ကြီးမြို့နယ် မြေစာရင်းဦးစီးဌာန၌ ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၀၄၀)

ကျိုက်မရော၌ ကွန်ကရစ်တံတား တည်ဆောက်

ကျိုက်မရော မတ် ၂၆

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်သည့် မြို့ပတ်လမ်း ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း သန်လျင်မြို့နယ် ကတ္တရာလမ်းသစ်ဖွင့်ပွဲ တက်ရောက်

နေပြည်တော် မတ် ၂၆

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၃ ရက် နံနက်ပိုင်းက အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်ချီးမြှင့်သည်။

ဆက်လက်၍ တာဝန်ရှိသူတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက လမ်းသစ်မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ လမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ပစ္စည်းများပေးအပ်

ယင်းနောက် တိုင်းမှူးသည် သန်လျင်တပ်နယ်နှင့် ဘုရားကုန်းကျေးရွာ နယ်မြေခံတပ်ရင်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များအား ချီးမြှင့်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေး အလုပ်ရုံဆွေးနွေး

ကျောက်ပန်းတောင်း မတ် ၂၆

ကျောက်ပန်းတောင်းမြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန မြို့နယ်မြေစာရင်းဦးစီးဌာန၏ ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီက မြို့နယ်မြေစာရင်းဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးထွန်းရင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်မြင့်သိန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးသန်းဝင်းက သင်တန်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)**

အဆိုပါ သင်တန်းကို လက်ထောက်ဦးစီးမှူးများနှင့် မြေတိုင်းစာရေး သင်တန်းသား စုစုပေါင်း ၉၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

Yangon Life Style Furniture Fair 2011 Sinma Furnishings Co., Ltd. ပါဝင်ပြသ

ရန်ကုန် မတ် ၂၆

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၂၄ ရက်မှ ၂၇ ရက်အထိ Yangon Life Style Furniture Fair 2011 ပြပွဲကို ပြသလျက်ရှိရာ Sinma Furnishings Co., Ltd. လည်း ပါဝင်ပြသလျက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါ ပြခန်းတွင် ခေတ်မီနေအိမ်၊ ရုံးခန်း၊ ဥယျာဉ်၊ ခြံနှင့် စားသောက်ဆိုင်၊ ကဖေးဆိုင်သုံး ပရိဘောဂမျိုးစုံကို ခင်းကျင်းပြသထားသည်။ ဒီဇိုင်းအားဖြင့် Classic Design, Modern Design အပြင် Neo- Classic Design တို့ကို ပြသထားသည်။

အဆောက်အအုံတစ်လုံး၏ ပရိဘောဂနှင့် ကြမ်းခင်းအလှအပများအတွက် သာမက နံရံများနှင့်ပြတင်းပေါက်များကို အလှပဆုံးဖန်တီးပေးနိုင်ရန် Vinyl, Wallcoverings များကိုလည်းကောင်း၊ ခန်းဆီးလိုက်ကာ ပိတ်ဇာနှင့် ကြိုးမျှင်လိုက်ကာ မျိုးစုံကိုလည်းကောင်း ပြပွဲကာလ လေးရက်အတွင်း ဝယ်ယူသူများအား ၁၀ ရာခိုင်နှုန်းမှ ၃၅ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိသည်။ အထူးဝန်ဆောင်မှုအဖြစ် ပြပွဲကာလအတွင်း ဝယ်ယူအားပေးသူများအတွက် ကော်ဇောခင်းခြင်း၊ Wallpaper ကပ်ခြင်း၊ ခန်းဆီးလိုက်ကာ ချုပ်လုပ်ပေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

မှာယူသူများကို Sinma Furnishings Co., Ltd. ပိုင် သစ်အခြေခံစက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်သောစက်ရုံ၊ အလုပ်ရုံငါးရုံမှ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် နယ်မြို့နယ်များအထိပါ ဝန်ဆောင်မှုပေးလျက်ရှိသည်။

ဆက်သွယ်မေးမြန်းနိုင်

အရောင်းပြခန်းကို အမှတ် ၇၁ ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ် ဖုန်း-၂၂၇၀၂၆၊ အမှတ် ၅၅/၆၁ ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၉၀၈၂၊ ၂၄၃၇၇၉ တို့တွင် ဖွင့်လှစ်ထားရှိသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၇၃၀၂၅၉၂၃၊ ၀၉-၅၀၅၇၀၇၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်) အလှူငွေပေးအပ်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၆

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)၏ စတုတ္ထအကြိမ်မြောက် အလှူငွေပေးအပ်ပွဲကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော် ပရိဝုဏ်အတွင်းရှိ ဝိဇ္ဇာစရဏသမ္ပန္နော ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဖုန်း-၀၁-၆၉၉၆၀၂၊ ၀၁-၅၃၉၇၃၈၊ ၀၁-၆၄၇၁၆၃၊၀၁-၂၄၃၉၉၃၊၀၉-၅၁၅၅၉၁၇၊၀၉-၅၁၅၀၅၆၉နှင့်အသင်းအမှုဆောင်များထံတွင်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ ***(မြို့နယ်အသင်း)***



ကွင်းဆင်းကြည့်ရှု

သာပေါင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်သော သာပေါင်း-ဆောင်ဘုံမြေသားလမ်းအား မတ်၁၅ရက်က အငယ်တန်းအင်ဂျင်နီယာ-၂ ဦးမင်းကျော်ခိုင်နှင့်အဖွဲ့ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဌေးလွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု အမြို့မြို့ အနယ်နယ်၌ လမ်းသစ်များဖွင့်

ရခိုင်ပြည်နယ် သံတွဲမြို့နယ်၌ ရှင်စောပြင်-ဆိပ်ကြီးကျေးလက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို အဆိုပါလမ်းမုခ်ဦး၌ မတ် ၂၂ ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ရပ်မိရပ်ဖတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ဖြူမြို့နယ်၌ အရှည်ပေ၁၂၀၀၊ အကျယ် ၁၂ပေရှိ ဆားပြင်ကွင်း (၂)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၃ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးအောင်မြင့်စိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူစိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

လက်ပံတန်းမြို့နယ် မင်းရပ် ရပ်ကွက် (၅)လမ်း ကတ္တရာလမ်းဖွင့်ပွဲကို မတ် ၁၉ ရက်က အဆိုပါ လမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပရာ သာယာဝတီခရိုင်ဥက္ကဋ္ဌ ဦးလှမျိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးနေမျိုးသန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ချောက်မြို့နယ်၌ ထောက်ရှည်ကန်-လေးပင်ကုန်း ကျောက်ချောလမ်းဖွင့်ပွဲကို မတ် ၁၀ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးငြိမ်းမောင်မောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဘုရင့်နောင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၉ရက်က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်အောင်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၈၃)

ဝန်ကြီး ဦးသိန်းဇော် ရတနာပုံမြို့သစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၆

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် မတ် ၁၉ ရက်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံမြို့သစ် ရတနာပုံတယ်လီပို့အဆောက်အအုံသို့ ရောက်ရှိပြီး ရတနာပုံတယ်လီပို့ အဆောက်အအုံ၌ တပ်ဆင်ထားရှိသည့် Convergence BILLING CENTRE (တယ်လီဖုန်းများ၏ ပြောဆိုခကို စုစည်းငွေကောက်ခံသည့်စနစ်) စက်ခန်း၌ စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ NETWORK OPERATING CENTRE နှင့် ISP Data Center နှင့် အဆောက်အအုံအတွင်း တပ်ဆင်ထားရှိသည့် SOFT SWITCH ROOM၊ IPTV ROOM နှင့် DATA CENTRE စက်ခန်းတို့ကို ဝင်ရောက် ကြည့်ရှုစစ်ဆေးကာ စက်ပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းကိုင်တွယ်ဆောင်ရွက်ရန်နှင့် စက်ပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်စေရေးအတွက် ဝန်ထမ်းများက အထူးဂရုပြု ဆောင်ရွက်လုပ်ကိုင်ကြရန် မှာကြားသည်။

ဆက်လက်၍ YATANAPON PORTAL အဆောက်အအုံ၌ Portal Operations TEAM ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ASIA MEGA LINK စက်ရုံ၌ မိုဘိုင်းလ်စက်ပစ္စည်းများ ထုတ်လုပ်ထားရှိမှုနှင့် PREPAID CARD များ ထုတ်လုပ်မှုအဆင့်ဆင့်၊ Elite Tech Manufacturing Co., Ltd. ၏ စက်ရုံ၌ မိုဘိုင်းလ် Top Up Card များ ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် မြောက်ပိုင်းအိမ်ရာစီမံကိန်းသို့ ရောက်ရှိပြီး အိမ်ရာများ ဆောက်လုပ်ထားရှိမှုနှင့် တောင်ပိုင်းအိမ်ရာ မြေကွက်သစ်များ ရှင်းလင်းဖော်ထုတ်ထားရှိမှုအခြေအနေများနှင့် လမ်းသစ်များ ထပ်မံဖောက်လုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော် ရတနာပုံမြို့သစ်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပူဇော်ကန်တော့

တွံတေးမြို့ ဈေးသစ်ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် မြတ်ဆရာ ပူဇော်ကန်တော့ပွဲကို မတ် ၂ ရက်က ဈေးသစ် မူလတန်းလွန်ကျောင်း၌ ကျင်းပရာ ဆရာ ဆရာမကြီးတို့အား အလှူငွေနှင့် ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြစဉ်။ (၁၀၅)

လှူဒါန်း

အလုံမြို့နယ် နှင်းဆီလမ်း အမှတ် ၆၃ နေ ဦးမြင့်ကြိုင်-ဒေါ်အမာကြည်၊ သား ကိုဇော်လင်းဦး၊ ကိုမျိုးမြင့်အောင်၊ သမီး မခင်ဖြူမာ မိသားစုတို့က ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်း လူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေ ကျပ်သုံးသိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

အင်းစိန်မြို့ တိရစ္ဆာန်ဆေးကုသိပ္ပံ အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၂၆

အင်းစိန်မြို့ တိရစ္ဆာန်ဆေးကုသိပ္ပံတွင် ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမကြီးများနှင့် သက်တော်ရှည်ဆရာကြီးများအား ပူဇော်ကန်တော့ပွဲကို မတ် ၂၀ ရက် နံနက် ၉ နာရီက အင်းစိန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးချုပ်ခန်းမ၌ ကျင်းပသည်။

အလှူငွေပေးအပ်

ဆက်လက်၍ ပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးက (၁၃၅)ကြိမ်မြောက် တိရစ္ဆာန်ဆေးကုသိပ္ပံ မဂ္ဂဇင်းထုတ်ဝေရခြင်း ရည်ရွယ်ချက်၊ အာစရိယပူဇော်ပွဲကျင်းပသည့် အခြေအနေများကို ရှင်းလင်းသည်။

ထို့နောက် ဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး ဦးအောင်သန်းမြင့်က ဘဏ္ဍာရေး ရှင်းတမ်းကို တင်ပြကာ အစီအစဉ်အရ ဆရာ ဆရာမကြီးများအား ကန်တော့ကြပြီး အလှူငွေများပေးအပ်ကြသည်။ ထို့နောက် ၁၉၄၁ ခုနှစ် တိ/ကုသိပ္ပံသင်တန်းဆင်း ဦးသန်းညွှန့် အသက် (၉၃)နှစ်နှင့် ဆရာ ဦးမြင့်သိန်း လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)တို့က ဩဝါဒစကားများ ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် မတ် ၂၆

မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၇၁)ကို ထုတ်ဝေဖြန့်ချိထားသည်။ ဆူနာမီရေလှိုင်းဘေးဒဏ်သင့် မြန်မာသင်္ဘောသား ၁၂ ဦးအား ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ကယ်တင်၊ ဒီရက်ပိုင်းမှာ ဟိမဝန္တာအစပ်က လေအေးတွေ တိုးဝင်လာတာကြောင့် အအေးပိုလာရခြင်းဖြစ်တယ်ဆိုတဲ့ ဒေါက်တာထွန်းလွင်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ မြန်မာနိုင်ငံသို့ ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာ လာရောက်လည်ပတ်၊ ရန်ကုန်မြို့ပတ် ရထားခရီးစဉ်များတွင် ရထားတွဲဆိုင်းများ ပိုမိုတိုးချဲ့ချိတ်ဆွဲပေးမည်၊ ညာမောင်း ဂျပန်ကားများ မြန်မာနိုင်ငံသို့ အဝင်နည်းသွားနိုင်၊ ဥရောပသမဂ္ဂက မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုများ ရုပ်သိမ်းပေးနိုင်ရေးအတွက် ဆွေးနွေးပွဲတစ်ရပ်ကျင်းပ၊ ချင်းပြည်နယ်ထွက်ကုန်များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့နိုင်တော့မည်၊ အဏုမြူ ဓာတ်ရောင်ခြည်ဖြာထွက်မှုအန္တရာယ်စိုးရိမ်ရ၍ ကယ်ဆယ်ရေး အကူအညီပေးမည့် အမေရိကန်လေယာဉ်တင်သင်္ဘောကြီး နောက်ပြန်လှည့်သွားခဲ့ရစသည့် နောက်ဆုံးရ ပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

ဆရာမကြီး ဒေါ်ချစ်တင်၏ အသက်(၁၀၀)ပြည့် မွေးနေ့ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၆

ကျိုက္ကမီမြို့မှ အငြိမ်းစားဆရာမကြီး ဒေါ်ချစ်တင်(ခ) ဒေါ်ကုလမာတာ၏ အသက်(၁၀၀)ပြည့် မွေးနေ့ပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ရွှေတိဂုံစေတီအနောက်ဘက်မုခ် မော်လမြိုင်အသင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများလှူဒါန်းလိုပါက ဒေါ်ခင်ရီ (နာယက၊ ကျိုက္ကမီအသင်း) ဖုန်း-၂၅၃၄၄၀၊ ဦးအောင်ထွန်း (ဥက္ကဋ္ဌ၊ ကျိုက္ကမီအသင်း)ဖုန်း-၅၆၄၂၄၁၊ ဦးမြသောင်း-ဒေါ်ဘောဘီ ဖုန်း-၇၀၀၂၃၃၊ ဦးလွင်သိန်း(နေလစာပေ)ဖုန်း-၇၀၃၈၂၃၊ ဦးတင်ဝင်း (ဂိတ်မှူး၊ရောင်နီထွန်းကားဂိတ်၊ ကျိုက္ကမီ) ဖုန်း-၀၅၇-၇၅၂၆၁နှင့် ဦးထွန်းထွန်းနိုင် (ကျိုက္ကမီ) ဖုန်း-၀၉-၄၉၈၂၀၂၆၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ *(မြန်မာ့အလင်း)*

မအူပင်ဘိုးဘွားရိပ်သာတည်ဆောက်ရေး ပထမအကြိမ် အလှူငွေ ပေးအပ်လှူဒါန်း

မအူပင် မတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့ ဘိုးဘွားရိပ်သာတည်ဆောက်ရေး ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ဘိုးဘွားရိပ်သာတည်ဆောက်ရေးအဖွဲ့ရုံး ရှင်းလင်းဆောင်၌ မတ် ၁၂ ရက်က ကျင်းပသည်။

ပေးအပ်လှူဒါန်း

ပထမအကြိမ် အလှူငွေပေးအပ်ပွဲတွင် အလှူရှင် ၄၁ ဦးက အလှူငွေကျပ် ၄၀၁ သိန်းကို ပေးအပ်လှူဒါန်းကြပြီး တာဝန်ရှိသူများက ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

ဆက်သွယ် လှူဒါန်းလိုသူများအနေဖြင့် ဦးညွန့်စိန် ဖုန်း-၀၉-၈၅၈၅၇၁၃၊ ဦးစိုးဝင်း ဖုန်း-၀၉-၅၁၁၉၄၁၀၊ ဦးဟိုက်ဂီ ဖုန်း-၀၉-၈၅၈၆၁၀၁၊ ဦးသိန်းမောင် ဖုန်း-၀၄၅-၃၀၃၈၄၊ ဦးကျင်ဝင်း ဖုန်း-၀၄၅-၃၀၆၂၄၊အဖွဲ့ရုံးဖုန်း-၀၉-၄၉၇၅၂၇၅၃ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(စာပေနှင့်စာနယ်ဇင်းအဖွဲ့)**

ကြည့်ရှုစစ်ဆေး

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းလွင် မတ် ၁၅ ရက်က ဇလွန်မြို့နယ် မြို့မဈေးအတွင်း အသားရောင်းဆိုင်ခန်းများအား မှန်လုံခန်းဖြင့် ရောင်းချနေခြင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သောက်ရေတွင်း တူးဖော်

ငါန်းဇွန် မတ် ၂၆

ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ငွေလုံးငွေရင်း အသုံးစရိတ်အဖြစ် တောင်အောက်ကျေးရွာ ရေရရှိရေးအတွက် သောက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ခေတ္တအမှုဆောင်အရာရှိ ဦးစိုးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးဝင်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပသော ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ် (၂၄) အခြေခံပညာ မူလတန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲတွင် လေးနှစ်ဆက်တိုက် ပထမဆုရရှိသော တတိယတန်း(က)မှ မထက်ထက်အဥ္စလီအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ထား ဆုချီးမြှင့်စဉ်။ (ပညာရေး)

မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး

နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်မှုစွမ်းအားများကို ဟန်ချက်ညီညီပေါင်းစပ်လုပ်ကိုင် အောင်မြင်ဖြစ်ထွန်းနေသည့် စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်မြှင့်တင်ပြီး စက်မှုနိုင်ငံထူထောင်နိုင်ရေးကြိုးပမ်း သင်ကြားရေးလုပ်ငန်းသာမက စက်မှုနှင့်နည်းပညာရပ်ဆိုင်ရာ အထောက်အကူပြုသုတေသနလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် မတ် ၂၆

တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ရတနာသိင်္ဃခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုးဦးနှင့် ဦးဝင်းအောင်၊ တရားရုံးချုပ်တရားသူကြီးဦးခင်မြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနကြီးမှူးများ၊ ဌာနမှူးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ကိုယ်စားပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်မျိုးမင်းက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်ပေါ်ထွန်းရေးနှင့် အနာဂတ်နိုင်ငံတော်ကြီး နိုင်ငံတကာနှင့်ယှဉ်တွဲပြီး အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးတွင် မိမိနိုင်ငံသူ နိုင်ငံသားပြည်သူများ၏ ပညာရည်မြင့်မားမှု၊ အသိပညာဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ထက်သန်ခိုင်မာမှု စွမ်းအားများနှင့် နိုင်ငံတကာ အဆင့်မီသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှု စွမ်းအားများကို ဟန်ချက်ညီညီ ပေါင်းစပ်ပြီး တစ်မျိုးသားလုံး တက်ညီလက်ညီ အားထုတ်ကြိုးပမ်းဆောင်ရွက်ရမည့် အချိန်အခါသို့ ရောက်ရှိနေပြီဖြစ်ကြောင်း။

စီမံဖြည့်ဆည်း

နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ အောင်မြင်ဖြစ်ထွန်းနေသည့် စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန် ဆက်လက်မြှင့်တင်ပြီး စက်မှုနိုင်ငံ ထူထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံပိုင် စက်မှုလုပ်ငန်းများ၊ စက်မှုနယ်မြေများသာမက ပုဂ္ဂလိကစက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးလာစေရန် စက်မှုဇုန်များကို အားပေးထူထောင်လျက်ရှိပြီး တစ်ချိန်တည်းမှာပင် စက်မှုအတတ်ကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးကိုလည်း စီမံဖြည့်ဆည်းပေးလျက်ရှိကြောင်း။

နိုင်ငံတော်အတွင်း စက်မှုသိပ္ပံနှင့် နည်းပညာဆိုင်ရာစွမ်းအားများ၊ အမျိုးသားစီးပွားရေးဘဝ စွမ်းအားများ ပြည့်ဖြိုးခိုင်မာစေရန် အဓိကလိုအပ်သကဲ့သို့ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် စွမ်းအားများလည်း ထွန်းကားခိုင်မာစေရန် လိုအပ်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ဓနအင်အား၊ နည်းပညာစွမ်းအား၊ အရည်အသွေးထက်မြက် မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းအားနှင့် အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံစွမ်းအားများ ခိုင်ခိုင်မာမာဖြစ်ထွန်းနေပါမှ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်သည့်အပြင် ရေရှည်ခိုင်ခံ့သော ပြည်ထောင်စုကြီးကို မိမိတို့ ထာဝရပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း။

ကြိုးပမ်းစွမ်းဆောင်

ထို့ကြောင့် အမျိုးသားပညာရည် မြင့်မားမှုမှတစ်ဆင့် အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားရေး စွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးခြင်းအားဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေးအတွက် ကိုယ်ပိုင် အမျိုးသားရေးစွမ်းအားဖြင့် ကြိုးပမ်းစွမ်းဆောင်နိုင်စေရန်၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှု၊ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲမှု အကျိုးရလဒ်ကောင်းများ တစ်ပါတည်း ဖြစ်ထွန်းလာစေရန် ကြိုးပမ်းစွမ်းဆောင်သွားရမည် ဖြစ်ကြောင်း။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နေချိန်၌ တာဝန်များကို ကျေပွန်ရုံသာ ထမ်းဆောင်ခြင်းမျိုး မဟုတ်ဘဲ နိုင်ငံတော်ကို အလုပ်အကျွေးပြုမည်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရမည် ဆိုသည့် စိတ်စေတနာဖြင့် တက်တက်ကြွကြွ ဆက်လက်ကြိုးပမ်းလုပ်ကိုင်သွားရမည်"** ဟု လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် တည်ရှိနေသော အဆင့်မြင့်ပညာကဏ္ဍ၌ တာဝန်ယူနေကြသည့် ဆရာ ဆရာမများအနေဖြင့် စွမ်းရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေရေး၊ ပေါ်ထွန်းလာသည့် မျိုးဆက်သစ်များအနေဖြင့် တိုင်းကျိုးဂုဏ်ဆောင် အရည်အသွေးများဖြင့် ပြည့်ဝစေရေးတို့အတွက် မိမိတို့၏ ပညာရပ်ဆိုင်ရာ အရည်အသွေးများကို အစဉ်အမြဲ မြှင့်တင်ပြီး သင်ကြားရေးတာဝန်များနှင့် သုတေသနလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် အမျိုးသားပညာရည် မြင့်မားရေး နှစ်ရှည်စီမံကိန်း၏ အဆင့်မြင့်ပညာကဏ္ဍမျှော်မှန်းချက်များ အောင်မြင်မှုရရှိစေရေး ကြိုးပမ်းသွားကြရန်။
- အနာဂတ် နိုင်ငံတော်ကို လက်ဆင့်ကမ်း တာဝန်ယူသွားကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရေးဆိုင်ရာ အရည်အသွေးများ မြင့်မားတိုးတက်လာရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး အဆင့်မြင့်ပညာ ကဏ္ဍပညာရေး တာဝန်များကို စွမ်းစွမ်းတမံ ထမ်းရွက်သွားကြရန်။
- မိမိတို့ ဘာသာရပ်အလိုက် သင်ကြားရေးလုပ်ငန်းများသာမက စက်မှုနှင့် နည်းပညာရပ်ဆိုင်ရာ အထောက်အကူပြုသုတေသနလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဖြင့် ဝိုင်းဝန်းကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းက သင်တန်းသူစံပြဆုရ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ သရုပ်ပြ ကသအမှတ် -A-၁ ဒေါ်သီသီထွန်း၊ သင်တန်းသားဖွဲ့လုံ့လဆုရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(မအူပင်)မှ နည်းပြကသအမှတ်-C-၃၅ ဦးနေထွန်း၊ သင်တန်းသူဖွဲ့လုံ့လဆုရ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(ဟင်္သာတ)မှ နည်းပြ ကသအမှတ် - A -၉၇ ဒေါ်ခင်ဌေးရည်နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသန ဦးစီးဌာနမှ လက်ထောက်သုတေသနမှူး ကသအမှတ်-A-၇၄ ဒေါ်သန်းသန်းဌေး၊ စံပြအဆောင်ဆုရ အမျိုးသားတပ်ခွဲ(၅) အဆောင်(၂) သင်တန်းသားကိုယ်စားလှယ်နှင့် အမျိုးသမီးတပ်ခွဲ(၄)အဆောင်(၆) သင်တန်းသူကိုယ်စားလှယ်တို့အား ဆုများချီးမြှင့်ပြီး တပ်ခွဲအလိုက် သင်တန်းသား သင်တန်းသူ ခေါင်းဆောင်များထံ သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၇-၃-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာ့ရှုခင်း
၇:၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
၁၁:၀၅ ၄။ အဖွင့်သီချင်း
၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
၁၁:၂၀ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၄၂)
၁၁:၄၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျက်နှာဖုံးရဲ့ နောက်ကွယ်မှာ**
၁၂:၃၀ ၈။ ကျန်းမာသုတ
၁၂:၄၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၅၃)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ မျိုးချစ်တပ်မတော်
၄:၁၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၂၀ ၇။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄:၄၀ ၉။ မြန်မာ့ရှုခင်း
၄:၅၀ ၁၀။ အားလုံးရဲ့တာဝန်
၅:၁၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၂။ ဒီဖိုင်နာတို့ရဲ့ဒီဖိုင်း
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၅။ ဘဝကြေးမုံ **အောင်လံသားကွ** ကျော်ကျော်ဗို၊ ဝါဆိုမိုးဦးနှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-ဘုန်းမျိုးကျော်]
၆:၅၀ ၁၆။ ဂင်းနက်စ်ကမ္ဘာ့ စံချိန်တင်ပြိုင်ပွဲများ
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစံအိမ်** (အပိုင်း-၅)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ ပဟေဠိနန်းတော်
၂၃။ ကျန်းမာသုတ
၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်၌တည်သောသစ္စာ** (အပိုင်း-၁၇)
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၄၀)

မိုးရွာသွန်းမှုများ

၂၆-၃-၂၀၁၁

ကော့သောင်းမြို့
၁ ဒသမ ၈၅ လက်မ
ကိုကိုးကျွန်းမြို့
၁ ဒသမ ၂၂ လက်မ
ရေးမြို့
၀ ဒသမ ၃၉ လက်မ
ကျိုင်းတုံမြို့
၀ ဒသမ ၂၇ လက်မ

မိုးကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပတ္တမြားဈေးတွင် မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မတ် ၂၀ ရက်က မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး ဦးသာဌေး၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးရဲလင်းကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(ဈေး) ဦးဝင်းကျော်တို့ ဈေးအတွင်း လျှပ်စစ်မီးကြိုးများ စနစ်တကျသွယ်တန်းထားရှိမှုကို ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ဖြူမြို့ အမှတ်(၂) အလယ်တန်းကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲ
စွမ်းအင်ဝန်ကြီး ဦးလွန်းသိ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မတ် ၂၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသိသည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ မြို့နယ်ခန်းမ၌ကျင်းပသည့် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း အစုရှယ်ယာဝင်များက Socio - Economic Program အဖြစ် ဆောက်လုပ်လှူဒါန်းသော ကျောက်ဖြူမြို့ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဝန်ကြီးက ရွှေစီမံကိန်း၏ လူမှုစီးပွား ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းမှ Chief Operation Officer Dr.Su Yeong Yang က ကျောင်းဆောင်သစ် ဆောက်လုပ် လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လက်ခံ

ထို့နောက် ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းမှ Senior Vice President Mr.Si Bo Joo က ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ် ဖွင့်လှစ်မည့်နေရာသို့ သွားရောက်ကြပြီး ဝန်ကြီး ဦးလွန်းသိနှင့် ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းမှ Chief Operation Officer Dr.Su Yeong Yang တို့က နှစ်ထပ် ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ဝဲပုံ)** ဆက်လက်၍ ဝန်ကြီးနှင့် Dr. Su Yeong Yang တို့က နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲ အထိမ်းအမှတ်သစ်ပင်များ စိုက်ပျိုးပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် နှစ်ထပ်ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးပစ္စည်းများကို ပေးအပ်ကြသည်။

ဆောက်လုပ်လှူဒါန်း

အဆိုပါ နှစ်ထပ်ကျောင်းဆောင်သစ်ကို ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း အစုရှယ်ယာဝင်များဖြစ်ကြသည့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ONGC Videsh Ltd.၊ Daewoo International Corporation၊ India Gail Ltd.နှင့် KOGAS Ltd. တို့က အမေရိကန်ဒေါ်လာ ၂၆၆၃၄၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ ရွှေစီမံကိန်း၏ လူမှုစီးပွားရေး ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အဆင့်မြှင့်တင်ပေးရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက်ရည်ရွယ်ကာ ရခိုင်ပြည်နယ်အတွင်းသာမက အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ပါ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ စီမံကိန်းစတင်သည့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအထိ စုစုပေါင်း အမေရိကန် ဒေါ်လာ ၁ ဒသမ ၃၀၈ သန်းနှင့် မြန်မာ ငွေကျပ်သန်းပေါင်း ၆၄၈ ဒသမ ၁၃၇ သန်းခန့် သုံးစွဲခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်သွယ်ရေကြောင်းအရာရှိလောင်း
ဒီပလိုမာသင်တန်းအပတ်စဉ်(၃) သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၂၆

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ် ကုန်သွယ်ရေကြောင်း အရာရှိလောင်း ဒီပလိုမာသင်တန်း အပတ်စဉ်(၃) သင်တန်းဆင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ် စစ်ရေးပြကွင်း၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း အရာရှိလောင်း ဒီပလိုမာသင်တန်း အပတ်စဉ်(၃)တွင် ဆုရရှိကြသည့် စံပြအရာရှိလောင်း (ရေကြောင်း) ဆုရ အောင်ကျော်ထွန်း **(ယာပုံ)**၊ စံပြအရာရှိလောင်း(အင်ဂျင်နီယာ)ဆုရ အောင်ခမ်းကျော်၊ စာပေထူးချွန် (ရေကြောင်း) ဆုရ အောင်ကျော်ထွန်း၊ စာပေထူးချွန် (အင်ဂျင်နီယာ)ဆုရ သီဟစောသိုက်နှင့် အကောင်းဆုံးစစ်ရေးပြဆုရ ဒီပလိုမာသင်တန်း အပတ်စဉ်(၃)မှ ဘရဏီတပ်ခွဲနှင့် အကောင်းဆုံး စစ်ရေးပြဆုရ ဒီပလိုမာသင်တန်း အပတ်စဉ်(၅)မှ ရေဝတီတပ်ခွဲတို့အား ဆုများချီးမြှင့်သည်။

အမှာစကား

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

လေ့ကျင့်သင်ကြား

အဆိုပါ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းအရာရှိလောင်း ဒီပလိုမာသင်တန်း အပတ်စဉ်(၃)တွင် ကုန်သွယ်ရေကြောင်း အရာရှိလောင်း ၁၃၁ ဦးနှင့် ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာအရာရှိလောင်း ၁၄၇ဦး စုစုပေါင်း ၂၇၈ ဦး တက်ရောက်အောင်မြင်ကြပြီး ယနေ့ထိ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်မှ ရေကြောင်းအရာရှိလောင်း ၂၁၁၀၊ ရေကြောင်းအင်ဂျင်နီယာ အရာရှိလောင်း ၂၀၁၆ ဦး စုစုပေါင်း ၄၁၂၆ ဦးကို လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟင်္သာတအသင်း နှစ်ပတ်လည်စုံညီအစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၂၆

ဟင်္သာတအသင်း နှစ်ပတ်လည်စုံညီအစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ၄၅ လမ်းရှိ ဟင်္သာတအသင်းတိုက်၌ မတ် ၆ ရက်က ကျင်းပရာ ဟင်္သာတအသင်းဝင် အသက် ၈၀ နှင့်အထက် သက်ကြီးပုဂ္ဂိုလ် ၆၀ တို့အား ကန်တော့ပြီး နိုင်ငံတော်မှချီးမြှင့်သော သုဓမ္မသီဂီဘွဲ့ရ ဟင်္သာတအသင်းဝင် ဟင်္သာတမြို့နေ ဒေါ်စန်းရှင်အား ဟင်္သာတအသင်းမှ ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်သည်။

ချီးမြှင့်

၂၀၁၀ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဟင်္သာတအသင်းဝင်များ၏ သားသမီးများမှ ဂုဏ်ထူးရရှိခဲ့ကြသူများအား ပညာရည်ချွန်ဆုချီးမြှင့်ခဲ့ရာ မြန်မာနိုင်ငံ တစ်နိုင်ငံလုံး၌ အမှတ်အများဆုံးဖြင့် ပထမဆုရ ခြောက်ဘာသာဂုဏ်ထူးရှင် မခိုင်ခိုင်လွင်ကျော် **(အောက်ပုံ)** အပါအဝင် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူ ရှစ်ဦးတို့အား ဆုချီးမြှင့်ခဲ့ကြသည်။

ရွေးချယ်

ယင်းနောက် အသင်းနှစ်ပတ်လည် စုံညီအစည်းအဝေးကို ဆက်လက်ကျင်းပပြီး ၂၀၁၁ ခုနှစ်အတွက် အကြံပေးအဖွဲ့၊ စာရင်းစစ်အဖွဲ့၊ အမှုဆောင်အဖွဲ့များအား ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက် (ဥပုသ်နေ့)
၂၇-၃-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ **အဂ္ဂဇယမင်္ဂလံ** (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၅ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈:၁၅ ၇။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာ မင်္ဂလာ
- ၈:၃၀ ၈။ အတီးပြိုင်ပွဲ
- ၈:၄၀ ၉။ **International News**
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
- ၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၂၈)
- ၁၂:၃၀ ၅။ **Golf Magazine (TV)**
- ၁၂:၅၀ ၆။ မြန်မာရုပ်ရှင် **ပန်းတစ်ပွင့်ဖန်ဆင်းခြင်း** လွင်မိုး၊လူမင်း၊ ထက်ထက်မိုးဦး၊ လှအဉ္ဇလီတင့် (ဒါရိုက်တာ-ကြည်ဖြူသျှင်)
- ၁၅:၀၀ ၇။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄:၂၀ ၃။ တေးဂီတအစီအစဉ်
- ၄:၃၀ ၄။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းနှင့် မဟာဂီတအဖွဲ့ဖျော်ဖြေခန်း
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၁၅ ၉။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **စမ်းရေပမာ** (အပိုင်း-၃၃)
- ၇:၃၀ ၁၁။ **ပြည်သူ့အတွက်တပ်မတော်**
- ၈:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ (၆၆)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်း **မွေးနေ့လက်ဆောင်** အကယ်ဒမီထွန်းထွန်းဝင်း၊ အကယ်ဒမီခင်မို့မို့အေး၊ နိုင်လူ၊ ဘုန်းလျှံ၊မင်းထက်၊ကျော်ခန့် (ဒါရိုက်တာ-အကယ်ဒမီ ဇော်မြင့်ဦး)
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကွန်ဖူးချစ်သူ** (အပိုင်း-၁၇)
- ၁၇။ **ရင်လှိုင်းခတ်သံတေးသီဟန်**
- ၁၈။ မင်းကွန်းဆရာတော်ကြီး၏ အရုပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၁၉။ အစီအစဉ်ပြီး၏။

အောက်ပိုင်းဒေသများ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မတ် ၂၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မတ် ၂၇ ရက် ညနေအထိခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အချိန်အခါမဲ့ မိုးရွာသွန်းမှုကြောင့် နွေစပါးနှင့် ဆောင်းသီးနှံများ ထိခိုက်ပျက်စီးမှုမရှိစေရေး တောင်သူလယ်သမားများသို့ နှိုးဆော်ချက်ထုတ်ပြန်

၂၀၁၁ခုနှစ် မတ်လ ၁၀ ရက်နေ့မှ ၁၇ ရက်နေ့အထိ အချိန်အခါမဲ့မိုးရွာသွန်းမှုများ တစ်နိုင်ငံလုံးတွင် ဖြစ်ပေါ်လျက်ရှိပါသည်။ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မိုးဆက်တိုက် ရွာသွန်းလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ တောင်သူများ အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

- ပဲများရိတ်သိမ်းခါနီး အချိန်ရောက်ရှိနေပြီဖြစ်သည့်အတွက် ရွက်ဖျန်းမြေဩဇာများ၊ ပိုးသတ်ဆေးများနှင့် မှိုသတ်ဆေးများကို မလိုအပ်ဘဲ မသုံးစွဲပါနှင့်။
- မိုးရွာနေစဉ် မတ်ပဲ၊ ပဲတီစိမ်း၊ ထောပတ်ပဲ၊ ဗိုလ်ကိတ်ပဲ၊ ကုလားပဲ စသည့် ပဲမျိုးစုံသီးနှံများနှင့် အခြားသီးနှံများအား ရိတ်သိမ်းခြင်းမပြုပါနှင့်။
- ရိတ်သိမ်းဆဲ၊ ရိတ်သိမ်းပြီး ဆွတ်ခူးပြီးဖြစ်သော ပဲမျိုးစုံသီးနှံ၊ ဆီထွက် သီးနှံနှင့် စားဖိုဆောင်သီးနှံများကို အမိုးအကာအောက်တွင် ဖြန့်ထားရန်နှင့် ခြွေစက်များ အသုံးပြု၍ ခြွေလှေ့တလင်းပြောက်စနစ်ကျင့်သုံးပါ။ မိုးမိပါက မိုးပြတ်လျှင် ပြတ်ချင်း နေလှန်းခြင်းကို ဆောင်ရွက်ပါ။
- ရိတ်သိမ်းချိန်လွန်ဖျက်ပိုးများနှင့် ရောဂါများမှ ကြိုတင်ကာကွယ်နိုင်ရန် မသိုလှောင်မီတွင် နေပြခြင်း၊ လေသလပ်ခံထားခြင်းဖြင့် သိုလှောင်ရန် သင့်တော်သော အစိုဓာတ်ရသည်အထိ လျှော့ချပေးပါ။
- စိုက်ပျိုးဖြစ်ထွန်းနေသော နွေစပါးနှင့် ရေသွင်းစိုက်ပျိုးသည့် သီးနှံများတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ပိုးမွှားကျရောက်၍ ပျက်စီးမှုမရှိအောင် ဂရုပြု၍ ကြည့်ရှုပြီး လိုအပ်ပါက မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်သွယ်ပါ။
- တောင်သူလယ်သမားများအနေဖြင့် လိုအပ်သောအကူအညီများရှိပါက နီးစပ်ရာ စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကွမ်းလုံခရိုင် ပန်လုံမြို့အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော လှည့်လည်ကြည့်ရှုစစ်ဆေး

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော ဟိုပန်-မန်မိန်းဟုန်-ပန်လုံလမ်း တစ်လျှောက် မြေသားလမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၆

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောသည် မတ် ၂၃ ရက် နံနက်ပိုင်းတွင် ကွမ်းလုံခရိုင် ပန်လုံမြို့နယ်ခွဲသို့ ရောက်ရှိပြီး စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရေးအတွက် မြေနေရာ ရွေးချယ်ထားမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရွှေကျင်ဒု အခြေခံပညာမူလတန်းကျောင်းအတွက် အမိုးသွပ်များ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပန်လုံမြို့နယ်ခွဲ တိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက် ဆေးကုသမှု ခံယူလျက်ရှိကြသော ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေး၍ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းကာ ဆေးရုံသစ်တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပန်လုံမြို့နယ်ခွဲ၏ မြို့နယ်ခွဲအဆင့် ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ တည်ဆောက်မည့် မြေနေရာ ရွေးချယ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဟိုပန် - မန်မိန်းဟုန် - ပန်လုံလမ်း တစ်လျှောက် မြေသားလမ်းဖောက်လုပ်နေမှု၊ ကျောက်စီခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် မတ် ၂၆

လှည်းကူးမြို့နယ်၌ ပညာဗိမာန် စာကြည့်တိုက်ဖွင့်

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် လှည်းကူးမြို့နယ် မလစ်အနောက်ကျေးရွာ၌ ပညာဗိမာန် စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို မတ် ၂၅ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကို၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်စုစုလှိုင်နှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးစိုးနိုင်ဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြသည်။ **(ဝဲပုံ)**

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူခဲ့ကြောင်း သတင်းရရှိသည်။

(မြို့နယ် ပြန်/ဆက်)

ပညာစွဲမာန် စာကြည့်တိုက် မော်ဘီမြို့နယ်၌ ဖွင့်

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ဝါးပတောကျေးရွာအုပ်စု ပညာစွဲမာန် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၅ ရက်က စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ကိုယ်စား ဒုတိယဦးစီးမှူး ဦးဇော်ဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးလှကွန်းတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

လက်ခံယူ

ဆက်လက်၍ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသစာအုပ် ၁၅၀ကို မြို့နယ် ဦးစီးမှူးကလည်းကောင်း၊ ကျေးရွာအလှူရှင်များကိုယ်စား ဦးဇော်ဝင်းထွန်းက စာအုပ်၊ စာစောင် ၁၆၂ အုပ်နှင့် အင်းကန်ကျေးရွာမှ သုတ၊ ရသစာအုပ် ၆၆ အုပ်ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးလှကွန်းကလည်းကောင်း လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

အောင်လံမြို့နယ် မြို့မဈေးကြီးနှင့် မြနန္ဒာဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မတ် ၁၀ရက်က အဖွဲ့ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသရာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးဟိန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျုံပျော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဈေးမီးဘေးကာကွယ်ရေးအတွက် အမြင့်တင်ရေစင်မှ တိုက်ရိုက်ရေပက်ဖျန်းခြင်း လက်တွေ့သရုပ်ပြဆောင်ရွက်ထားမှုကို မတ် ၂၀ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့်ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လားရှိုးမြို့နယ် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို မတ် ၁၅ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်ဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေကြည်မြို့မဈေးကြီး ဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးသူဈေးသားများ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ရေး သရုပ်ပြသမှုကို မတ် ၁၂ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်း၊ မီးသတ်ဦးစီးမှူး ဦးစိုးအောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကော့ကရိတ်မြို့ ကျုံဒိုးဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးလုံခြုံရေး သရုပ်ပြလေ့ကျင့်မှုကို မတ် ၁၅ ရက်က မြို့နယ်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျိုင်းတုံ-လွယ်မွေကားလမ်း ကတ္တရာလမ်းလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၆

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးသည် မတ် ၁၄ ရက်က ကျိုင်းတုံ-လွယ်မွေ ကားလမ်းတစ်လျှောက် လမ်း၊ တံတား အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ် (၁၁/၅)ရှိ ကတ္တရာလမ်းပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

တိုင်းမှူးသည် မတ် ၁၅ ရက်တွင် လွယ်မွေဒေသ နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ချီးမြှင့်ငွေများ၊ စားသောက်ကုန်ပစ္စည်းများ၊ ရာသီသီးနှံမျိုးစေ့များနှင့် အားကစားပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေါင်းတည်မြို့ မှတ်တိုင်လမ်း ထပ်ပိုးကတ္တရာလမ်းဖွင့်

ပေါင်းတည် မတ် ၂၆

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် မှတ်တိုင်လမ်း ထပ်ပိုးကတ္တရာလမ်း ဖွင့်ပွဲကို မတ် ၁၆ ရက် နံနက် ၇ နာရီခွဲတွင် အဆိုပါလမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပရာ ရှေးဦးစွာ အမှုဆောင်အရာရှိ ဦးတင်ကိုကိုက လမ်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံများကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့အား ပေးအပ်သည်။ ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိတို့က လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ လမ်းသည် အရှည်ပေ ၂၄၂၀၊ အကျယ် ၁၂ ပေဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ဂုဏ်ပြုချီးမြှင့်

ဇလွန်မြို့နယ်အသင်း (ရန်ကုန်) (၄၇)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပါရဂူဘွဲ့ရများအား ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၀ ရက်က ရေဝတီ တိုင်းဒေသကြီး မှော်ရုံ၌ ကျင်းပရာ ပါရဂူဘွဲ့ရ ဒေါ်နီနီအေးအား အသင်းနာယက ဦးကျော်ညွှန့် ဂုဏ်ပြုချီးမြှင့်စဉ်။ (၀၀၇)

ချောက်မြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၂၆

ချောက်မြို့နယ်အသင်း (ရန်ကုန်)၏ (၂၅)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့်သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရွှေတိဂုံဘုရားအရှေ့မုခ် ဗဟန်းကြားတောရလမ်းမကြီးအဝင် မီးပွိုင့်ထောင့်ရှိ ရွှေကျင်နိကာယသာသနာလင်္ကာရမဟာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ချောက်မြို့နယ်သူ မြို့နယ်သားအားလုံး မပျက်မကွက် တက်ရောက်ကြရန်နှင့် ၂၀၁၀ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲကိုဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများသည် ဧပြီ ၂ ရက် နောက်ဆုံးထားပြီး အမှတ်စာရင်း မိတ္တူနှင့်အတူ ဦးညိုမောင် ဥက္ကဋ္ဌ ဖုန်း-၅၉၀၀၀၉၊ ဒေါက်တာမောင်မောင်မြင့် ဒုတိယဥက္ကဋ္ဌ ဖုန်း-၅၅၄၀၆၇၊ ၀၉-၅၁၁၉၃၉၉၊ ဦးငွေအောင် အတွင်းရေးမှူး ရုံးဖုန်း-၂၉၁၂၅၀၊ ၀၉- ၅၄၁၁၀၄၁ တို့ထံသို့ ဆက်သွယ်လျှောက်ထားကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရှိရသည်။ (၀၁၇)

ဂုဏ်ပြုလွှာပေးအပ်ပွဲ ဝိုင်းမော်၌ကျင်းပ

ဝိုင်းမော် မတ် ၂၆

ဝိုင်းမော်မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က ဝိုင်းမော်မြို့နယ် ဆမားခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ဝိုင်းမော်မြို့နယ် ဥက္ကဋ္ဌ ဦးဝင်းငွေက အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်ထွန်းက ရွေးကောက်ပွဲနှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့သည့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းငွေနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်ထွန်းတို့က မှတ်တမ်းတင်ဂုဏ်ပြုလွှာများကို မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်တို့အား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သံတွဲခရိုင်အတွင်း လယ်ယာသန်းခေါင်စာရင်းကောက်ယူ

သံတွဲ မတ် ၂၆

ရခိုင်ပြည်နယ် ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန (ရုံးချုပ်) တာဝန်ခံ ညွှန်ကြားရေးမှူးဦးစောလှိုင်သည် မတ် ၉ ရက်က သံတွဲခရိုင် မြေစာရင်းဦးစီးဌာနတွင် သံတွဲမြို့နယ် မြေစာရင်းဦးစီးဌာန လယ်ယာသန်းခေါင်စာရင်း ကောက်ယူပြီးစီးမှုကိုစစ်ဆေးပြီးနောက် မတ် ၁၀ ရက်က တောင်ကုတ်မြို့နယ် မြေစာရင်းဦးစီးဌာန၌ လယ်ယာသန်းခေါင်စာရင်း ကောက်ယူပြီးစီးမှုများကို စစ်ဆေးကာ **(အပေါ်ပုံ)** လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရှိရသည်။ **(ခရိုင်မြေစာရင်း)**

ရန်ကင်းမြို့နယ် (၁၁)ရပ်ကွက်နေ ဦးဆွာမိနှင့် ဦးတင်စိန်မိသားစုတို့က ကျပ်နှစ်သိန်းခန့်တန်ဖိုးရှိ မီးသတ်ဆေးဘူးများကို မတ် ၁၉ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနသို့ လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံယူစဉ်။ (၀၄၃)

ဆောမြို့နယ် လောင်းရှည်ဆေးရုံ ရေရရှိရေးဆောင်ရွက်ထားရှိမှုကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမိုးထိုက် မတ် ၁၃ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဟန်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သူနိုင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ခရီးသည်တင်ယာဉ် တိမ်းမှောက်

ရန်ကုန် မတ် ၂၆

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်တွင် မတ် ၁၉ ရက် နံနက်ကယုဇနဥယျာဉ်မြို့တော်မှတာမွေသို့ မောင်းနှင်ပြေးဆွဲသည့် ခရီးသည်တင် အမှတ်(၃၈) အဝါလိုင်း၊ ယာဉ်မောင်း သန်းဆွေဝင်း မောင်းနှင်သည့် ယာဉ်အမှတ်စ/---သည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့အရောက်တွင် လက်ယာဘက်မြောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

ထိုသို့ ထိုးကျတိမ်းမှောက်သဖြင့် ခရီးသည်များအနက် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးငါးဦး ပွန်းပဲ့ဒဏ်ရာရရှိပြီး သဃ်န်းကျွန်း စံပြဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည်။

စစ်ဆေးဆောင်ရွက်

ယာဉ်တိမ်းမှောက်မှု ဖြစ်စဉ်အား အရှေ့ပိုင်းခရိုင် ယာဉ်မှုစစ်မှုရဲအုပ် မျိုးခိုင်ဦးနှင့် တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(၀၅၇)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၃-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**သီတဂူ တက်လမ်း** တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
၆:၃၀	ဖူးမြော်စေချင်…ထားဝယ်မြို့မှ ရှင်ကိုးရှင်
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၅၅)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၃)
၈:၄၅	Kanebo 10th Anniversary Time Show (Part -1)
၉:၂၀	ပကတိအတိုင်း
၉:၄၅	Sunday Talk (စိန်မျိုးမြင့်၊ မျိုးမြတ်သူ)
၁၀:၂၀	မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန် (၆) (ဦးခေါင်းနှင့် လည်ပင်းပိုင်း ကင်ဆာများ)
၁၀:၅၀	ဗီဒီယိုပြခန်း
၁၁:၀၅	ဈေးဝယ်လမ်းညွှန် (Capital Hypermarket နေပြည်တော်)
၁၁:၂၅	Sports Diary
၁၁:၅၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ -၄) (စစ်ရေးတေး)
၁၂:၁၀	လွယ်ကူသက်သာစားစရာ မန်ကျည်းတော်ဖီနှင့်သံပရာအဆီ
၁၂:၂၀	ရန်ကုန်မြင်ကွင်းကျယ် (Pathways and Teaching Methods of Imperial Merit Education Centre)
၁၂:၄၀	သာသနာရောင်ဝါထွန်းကားပြန့်ပွားရာ မုံရွာမြို့မှ ရှင်ပြုအလှူတော်မင်္ဂလာ
၁:၀၀	**သီတဂူ တက်လမ်း** တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	စကားနပန်း (ကိုယ်ဝန်ရှိတာကောင်းတယ်၊ ကိုယ်ဝန်မရှိတာကောင်းတယ်)
၃:၂၀	အဆင့်မြင့်မြင့်သုံးဖို့ရာ Sweety Life Furniture
၃:၃၅	ကျန်းမာလှပသွယ်လျဖို့ Smart Girl ကိုသွားကြစို့
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၃)
၄:၅၅	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၅:၃၀	ဂဏန်းသင်္ချာပျော်စရာ
၆:၀၀	MRTV-4 သတင်း
၆:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၅၆)
၇:၁၅	(၆၆)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်း **မွေးနေ့လက်ဆောင်** ထွန်းထွန်းဝင်း၊ ခင်မို့မို့အေး၊ နိုင်လူ၊ ဘုန်းလျှံ၊ မင်းထက်၊ ကျော်ခန့် (ဇာတ်ညွှန်း၊ ဒါရိုက်တာ-အကယ်ဒမီဇော်မြင့်ဦး)
၈:၀၀	MRTV-4 သတင်း
၈:၃၀	သွေးချင်းတို့၏ စုပေါင်းအားနှင့် နိုင်ငံတော်၏ အနာဂတ် (တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်)
၈:၄၀	Kanebo 10th Anniversary Time Show (Part -2)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၄)
၁၀:၁၅	Kid's Show (ရွှေပြည်နန်းကလေးသရုပ်ဆောင်ပြိုင်ပွဲ)
၁၁:၀၅	သွားမယ်စားမယ် (Coffee VIVA)
၁၁:၃၀	အနာဂတ်ရင်သွေးငယ်များ၏ အရည်အသွေး (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
၁၁:၅၀	နယ်ဉ်ဆန်းထွင်သစ်သီးအလှဆင် (သင်္ဘောသီးနှင့်နှင်းဆီပန်း ပုံဖော်နည်း)
၁၂:၀၅	The Smiling of Angkor
၁၂:၅၅	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Monument Toy Shop)
၁:၁၅	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (အရသာချိုချိုရေခဲမုန့် ပြုလုပ်နည်း)
၁:၂၅	ဒို့တိုင်းဌာနီဧရာဝတီ (ရော်ဘာ၊ ပုလော၊ သင်္ဘော၊ ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းများ)
၁:၅၀	ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟေဝန်စခန်းမှာ
၂:၁၅	ဘဝများ (ဇေယျ- Uranium)
၂:၃၅	ပြင်ဦးလွင်မြို့မှ ပြင်ဦးလွင်စတားဆွယ်တာလုပ်ငန်း
၂:၅၅	သာယာစိုပြည်ကြံခင်းမြေ
၃:၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၅	ဆည်မြောင်းရဲ့အားမာန်… ပြိုင်းချောင်းရေလှောင်တမံ
၄:၁၅	နေပြည်တော်ကမ္ဘောဇဘဏ်နှင့် ဘဏ်ခွဲများ၏ ဝန်ဆောင်မှုလုပ်ငန်းများ
၄:၄၀	အံ့ဖွယ်တန်ခိုးတော်အဖြာဖြာ ကျောင်းတော်ရာ
၄:၅၀	ဘွဲ့အမည်နာမတော်သုံးမျိုးနဲ့ ထင်ပေါ်ဘုရင့်ညီနောင်ရတနာလိုဏ်ဂူတော်
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။



ပျောက်ဆုံးခြင်း

ကျွန်တော်များ နိုင်မိသားစု ကုမ္ပဏီလီမိတက်၏ သွင်းကုန်လိုင်စင်အမှတ် WQMIL 1 10 11 1410 ၂၂-၇-၂၀၁၀ သက်တမ်းတိုးစာရွက်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ ဆက်သွယ်အကြောင်းကြားပါရန်။

ဖုန်း-၀၉-၈၀-၃၃၈၂၁။

ပျောက်ဆုံးကြောင်း

ကျွန်မ မ၀ါ၀ါ၏ Passport No-651073 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၃၈၀၄၀၅ သို့ ဆက်သွယ်အကြောင်းကြားပါ။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၅၀၂၀ Kaba Kyaw L/T KBK4 P/U(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဝင်း ၁၂/ ဗတထ(နိုင်)၀၃၀၀၂၇က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊အရှေ့ပိုင်းခရိုင်ရုံး(ရန်ကုန်မြို့)။

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် မောင်ဇင်ထူးခန့် ၇/ရတန(နိုင်)၁၀၅၅၇၃ နှင့် ကျွန်မ မဇင်မီမီစိုး ၉/အမရ(နိုင်)၁၁၅၃၄၄ တို့သည် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် တရားရုံး၌ ၁၂-၁၁-၂၀၁၀ရက်တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်ဇင်ထူးခန့်-မဇင်မီမီစိုး။

အမည်ပြောင်း

ဦးပြည့်ဖြိုးလင်း၏ သမီး မဒီပါတင့်တယ်အား မဇင်ယုယုနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မဇင်ယုယုနိုင်။

● *ကျော်ဖုံးမှ*

မည်သည့်အတွက်ကြောင့် အပူချိန်မြင့်မားနေသည်ကို လေ့လာလျက်ရှိကြောင်း၊ အရောင်နှင့်အရွယ်အစား တူညီသော်လည်း အပူချိန်ကွဲပြားနေမှုကို သိရှိနိုင်ရန် ၄င်းအညီုရောင်ကြယ်တာရာများအနီးအထိ သွားရောက်လေ့လာသွားမည်ဖြစ်ကြောင်း ၄င်းက ပြောကြားသည်။

အအေးဓာတ်လွှမ်းကဲနေသည့် အညီုရောင်ကြယ်တာရာ၏ မျက်နှာပြင် လေထုအတွင်း ရေခိုးရေငွေ့များက တိမ်များသဖွယ် လွှမ်းခြုံနေကြောင်း၊ မဝေးသောကာလတွင် ကမ္ဘာဂြိုဟ်၏ အနီးဝန်းကျင်တွင် နေဂြိုဟ်ကဲ့သို့ ကြယ်တာရာများ၊ အရွယ်အစားကြီးမားသည့် ဓာတ်ငွေ့လုံးကဲ့သို့သော ပုံရိပ်များကို စတင်မြင်တွေ့ရနိုင်ကြောင်း၊ ထိုသို့သော ကြယ်တာရာသစ်များနှင့် ဓာတ်ငွေ့လုံးများကို အာကာသ အဝေးကြည့်မှန်ပြောင်းဖြင့် ကြည့်ရှုမြင်တွေ့ရနိုင်ကြောင်း သုတေသနပညာရှင် ဖီးလစ်ပီဒီလိုမီက ဆက်လက်ပြောကြားသည်။ ။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ ➤ ရေးသားသည်

စပိန်နှင့် နယ်သာလန်တို့ ယူရို ၂၀၁၂ ခြေစစ်ပွဲအောင်ပြီ

မက်ဒရစ် မတ် ၂၆

ယူရို ၂၀၁၂ ခြေစစ်ပွဲများကို မတ် ၂၅ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ စပိန်နှင့် ချက်အသင်းတို့ပွဲတွင် စပိန်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အုပ်စု(ဈ)၌ စပိန်တို့ ခြေစစ်ပွဲအောင်ခဲ့ပြီ ဖြစ်သည်။

စပိန်အသင်းအတွက် ဂိုးများကို ပွဲချိန် ၆၉ မိနစ်၌ ဒေးဗစ်ဗီလာ(**အပေါ်ပုံ**)က သွင်းယူပေးခဲ့သလို ပွဲချိန် ၇၃ မိနစ်၌ ပယ်နယ်တီမှတစ်ဆင့် ဒေးဗစ်ဗီလာကပင် ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဒေးဗစ်ဗီလာသည် စပိန်အသင်းအတွက် ၇၂ ပွဲကစားပေးခဲ့ရာ စုစုပေါင်း ၄၆ ဂိုးသွင်းယူပေးနိုင်ခဲ့သဖြင့် တိုက်စစ်မှူး ရာအူးလ်ထက် နှစ်ဂိုးပိုများသွားခဲ့ပြီး စံချိန်တင်နိုင်ခဲ့ပြီဖြစ်သည်။ တိုက်စစ်မှူး ရာအူးလ်မှာ စပိန်အသင်းအတွက် ၁၀၂ ပွဲ ကစားခဲ့ပြီး ၄၄ ဂိုး သွင်းယူပေးထားသည်။

ခြေစစ်ပွဲအောင်

ထို့အတူ အုပ်စု(င)တွင် နယ်သာလန်အသင်းက ဟန်ဂေရီအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိပြီး ယူရို ၂၀၁၂ အတွက် ခြေစစ်ပွဲအောင်ခဲ့ပြီဖြစ်သည်။ နယ်သာလန်အတွက် ဂိုးများကို ဗန်ဒါဗတ်၊ အဖီလ်လေ၊ ဒရက်ကွတ်ဇ်နှင့် ဗန်ပါစီတို့က တစ်ဂိုးစီ သွင်းယူခဲ့ကြခြင်းဖြစ်သည်။ **(အင်တာနက်)**

အခြားပွဲရလဒ်များ

ဩစတြီးယား	၀ - ၂ ဘယ်လ်ဂျီယံ	ဆလိုဗေးနီးယား	၀ - ၁ အီတလီ
ဆားဘီးယား	၂ - ၁ မြောက်အိုင်ယာလန်	လူဇင်ဘတ်	၀ - ၂ ပြင်သစ်

အာဂျင်တီးနားနှင့် ဥရုဂွေး ကမ္ဘာ့ဖလားပူးတွဲအိမ်ရှင်အဖြစ် အဆိုပြုမည်

ဗျူနိုအေရိစ် မတ် ၂၆

အာဂျင်တီးနားနှင့် ဥရုဂွေးနှစ်နိုင်ငံတို့သည် လာမည့် ၂၀၃၀ ပြည့်နှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အဆိုပြုရေး မတ် ၂၂ ရက်၌ သဘောတူညီခဲ့ကြသည်။

၂၀၃၀ ပြည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသည် အကြိမ် (၁၀၀) မြောက် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲလည်း ဖြစ်သည်။ ထိုသို့ သဘောတူညီမှုကို အာဂျင်တီးနားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ အာဂျင်တီးနားနိုင်ငံခြားရေးဝန်ကြီး ဟက်တာတီမာမင်းနှင့် ဥရုဂွေးနိုင်ငံခြားရေးဝန်ကြီး လူးစ်အယ်လ်မာဂျီရိုတို့ တွေ့ဆုံဆွေးနွေးကာ သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

ဥရုဂွေးနိုင်ငံသည် ၁၉၃၀ ပြည့်နှစ်က ပထမဆုံးကျင်းပသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခဲ့သည့် နိုင်ငံဖြစ်ရာ အကြိမ် (၁၀၀)မြောက် ကမ္ဘာ့ဖလားပွဲကိုလည်း အိမ်ရှင်အဖြစ် လက်ခံ ကျင်းပနိုင်ခွင့်ရှိကြောင်း အာဂျင်တီးနား အားကစားဝန်ကြီး ကာလူဒီရိုမိုရက်စီက ပြောကြားသည်။

(အင်တာနက်)

Sony Days 2011 အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၆

TMW Enterprise Ltd. က Sony Days Promotion အထိမ်းအမှတ်အဖြစ် TMW မှတင်သွင်းသော Sony ပစ္စည်းများကို ဖြန့်ဖြူးရောင်းချပေးနေသောအရောင်းကိုယ်စားလှယ်ကြီးများအား Sony Days 2011 အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို မတ် ၂၄ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ TMW Enterprise Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဝေလွင်က အဖွင့်အမှာစကားပြောကြားပြီး(**အောက်ပုံ**) Sony Singapore မှ Mr. Spensor Low က ကျေးဇူးတင်စကားပြောကြားပြီးနောက် TMW Enterprise Ltd. မှ Assistant Manager ဦးဇာနည်က Sony ပစ္စည်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ Deputy General Manager ဦးဇော်မိုးဦးက အရောင်းကိုယ်စားလှယ်ကြီးများအတွက် အထူးစီစဉ်ပေးထားသော စပိန်နိုင်ငံ ဘာစီလိုနာခရီးစဉ်နှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားသည်။

TMW Enterprise Ltd. သည် Sony ချစ်သူများ၊ Sony ပရိသတ်များအတွက် Sony Days Promotion ကို နှစ်စဉ်အစဉ်အလာမပျက် မတ်လမှဧပြီလအထိ ကျင်းပပေးလျက်ရှိရာ ယခုနှစ် Sony Days 2011 ကို မတ် ၂၅ ရက်မှ ၂၉ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပေးသွားမည်ဖြစ်သည်။

အသေးစိတ် သိရှိလိုပါက Sony Days 2011၌ကျင်းပရာ ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးလမ်း အမှတ်(၂၀)ရှိ Sony Showroom (1) ဖုန်း-၂၄၅၃၁၁ သို့ လည်းကောင်း၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ်(၉၀/အေ၊ဘီ)ရှိ Sony Showroom(4) ဖုန်း-၅၄၆၀၀၃ နှင့် ၅၄၆၀၀၈ သို့လည်းကောင်း၊ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း အမှတ်(၁၆၂-၁၆၄)ရှိ Wai Yan Showroom (1) ဖုန်း -၂၅၄၅၅၉ နှင့် ၂၅၄၅၆၂ သို့လည်းကောင်း၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ်(၉၀/အေ၊ဘီ)ရှိ Wai Yan Showroom (2) ဖုန်း-၄၀၁၄၁၆ သို့လည်းကောင်း၊ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် လမ်းသစ်လမ်းထောင့်ရှိ Junction Centre Maw Tin သုံးလွှာ အမှတ်(၃၀၂) ဖုန်း -၀၉-၇၃၀၉၈၁၁၈ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့ ကံကြီး/မကျီးရပ်ကွက် ဗိုလ်ချုပ်လမ်း မဟာတိလောက မုန်ကူသွန်းဘုရားကြီးဝင်းတွင် မတ် ၂၃ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေလင်းနှင့် မီးခံဘိလပ်မြေပြားစက်ရုံ(မှော်ဘီ)စက်ရုံမှူး ဦးအေးသိုက်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မိုးညှင်းမြို့နယ် ပန်းပဲဖိုမှမီး အိမ်ထောင်စုဝင် ၅၅ ဦး အိုးမဲ့အိမ်မဲ့ဖြစ်

မိုးညှင်း မတ် ၂၆

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဘီလူးမြို့ကျေးရွာ ကွက်သစ်တွင် မတ် ၂၄ ရက် ညနေ ၃ နာရီက ဦးမျိုး၏ ဒေါက်လှည်း ပန်းပဲလုပ်ငန်းမှ စတင်ကာ မီးလောင်ကျွမ်းမှုဖြစ်ပွားရာ လူနေအိမ် ၁၄ လုံးနှင့် ဝမ်းစာစပါး တင်း ၁၀၀ မီးထဲပါသွားပြီး အိမ်ထောင်စုဝင် ၅၅ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။

မိုးညှင်းမြို့ မီးသတ်တပ်ဖွဲ့၊ ကျေးရွာ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် မီးငြိမ်းသွားသည်။ မီးလောင်မှု ဖြစ်ပွားသည့် ဒေါက်လှည်း ပန်းပဲလုပ်ငန်းရှင် ဦးမျိုးအား မြို့နယ်ရဲစခန်းမှ ဥပဒေအရ အရေးယူထားသည်။ **(၀၆၃)**

ရန်ကုန် ပရိဘောဂပြပွဲ၌ Casabella Home Furnishing Center ပါဝင်ပြသ

ရန်ကုန် မတ် ၂၆

ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၂၄ ရက်မှ ၂၇ ရက်အထိ ခင်းကျင်း ပြသလျက်ရှိသည့် Yangon Life Style Furniture Fair -2011 ပြပွဲတွင် Nat Ray Co., Ltd. ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် Casabella One Stop Luxury Home Furnishing Center မှ ပါဝင်ပြသလျက်ရှိသည်။

Casabella ၏ Living Concept မှ နောက်ဆုံးပေါ် ဒီဇိုင်းနှင့် အရောင်အသွေး မရှိမဖြစ်ထားရှိရမည့် ပရိဘောဂများကို အဓိကထား ခင်းကျင်းပြသထားသည်။

ထို့ပြင် ကမ္ဘာ့နာမည်ကြီး Lorenzo တံဆိပ် နောက်ဆုံးပေါ် Soya နှင့် Furniture များ၊ Dunlopillo မွေ့ရာများ၊ ဂျာမနီနိုင်ငံထုတ် KETTLER အမှတ်တံဆိပ် လေ့ကျင့်ခန်းသုံး စက်ပစ္စည်းများ၊ Asia No.1 ဖြစ်သည့် OSIM အမှတ်တံဆိပ် အနားယူ အကြောဖြေစက်များနှင့် ကိုယ်ခန္ဓာအလှအပပစ္စည်းများ၊ êko အမှတ်တံဆိပ် ခေတ်မီရုံးခန်းသုံးပစ္စည်းများ၊ ပရိဘောဂများနှင့် AUSSINO အိပ်ရာအခင်းအနားတို့ကို ပြီးပြည့်စုံသည့် အိမ်တစ်အိမ်၏ ပုံစံမျိုးဖြင့် ပြသထားခြင်းကြောင့် Casabella ၏ Living Concept ပြသမှုကို လက်မလွှတ်တမ်း လာရောက်ကြည့်ရှုနိုင်သည်။ ထို့ပြင် သင်္ကြန်အကြို အထူးဈေးရောင်းပွဲတော်ကို ဧပြီ ၁ ရက်မှ ၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ကိုးမိုင်ပြည်လမ်း အမှတ်(၂၂)ရှိ Casabella Yangon ဖုန်း-၆၆၄၃၆၃၊ ၆၆၀၇၆၉ နှင့် Casabella Mandalay. D5, မန်းမြန်မာအဆောက်အအုံ ၇၈ လမ်း (၂၇ လမ်းနှင့် ၂၈ လမ်းကြား) ဖုန်း-၀၂-၇၂၃၄၂တို့တွင် ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

(၃၃)နှစ်မြောက် မင်္ဂလာဆုတောင်း

မိသားစုဘဝတစ်လျှောက် လိုလေသေးမရှိ ပြည့်စုံအောင် အရာရာကိုဖြည့်ဆည်းရင်း ချစ်ခင်ကြင်နာမှု၊ သာယာချမ်းမြေ့မှု အပြည့်အဝဖြင့် ဦးဆောင်လမ်းပြပေးသော ကျေးဇူးရှင်ချစ်ဖေဖေ ဟာဂျီဦးမောင်မောင်လှ(Chairman-Saw Bwar Lay BoBo Maung Co., Ltd.)နှင့် ကျေးဇူးရှင်ချစ်မေမေ ဟာဂျီမဒေါ်ခက်ခက်ချောတို့၏ ၂၇-၃-၂၀၁၁ရက်တွင် ကျရောက်သော (၃၃)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သော သားသမီး၊ မြေးများနှင့်အတူ သာသနာ့အကျိုးသယ်ပိုးရင်း ချမ်းမြေ့သာယာကြည်နူးဖွယ်ကောင်းသော ဘဝခရီးလမ်းကို ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လျှောက်လှမ်းနိုင်ပါစေ-

ချစ်သားကြီး-ဟာဂျီ ဗိုလ်ဗိုလ်မောင်B.Sc (Maths)-ဟာဂျီမ နီလာမင်းသိန်းB.C.Sc
ချစ်မြေးမလေး-နန်းရွှေစင်ဗိုလ်(Pretty)၊
ချစ်သမီးကြီး-ဟာဂျီ အောင်ဇော်ဝင်း A.G.T.I (Mech)(နေပြည်တော်အရောင်းခန်းမ)-
ဟာဂျီမ ဖြူအိအိမောင် B.Sc (Phy.),A.G.T.I (Mech)
ချစ်မြေးလေး-အောင်စော်ဘွား
ချစ်မြေးမလေး-မယ်စော်ဘွား(ခ)ဖြူဝင်းလဲ့ဝတီအောင်၊
ချစ်သမီးငယ်-ကိုချစ်ကောင်း B.A (Myanmar) (မန္တလေးအရောင်းခန်းမ)-ဟာဂျီမ ပန်းအိအိမောင်B.A (Law)
ချစ်သမီးလေး-သဲအိအိမောင်။

ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အလက(၃) ပဉ္စမတန်း(ခ)မှ စိုင်းရီဝန်း၏ ဖခင်အမည်မှန်မှာ ဦးအိုက်တန်း ၁၃/ကတန(နိုင်)၀၂၁၈၇၃ဖြစ်ပါကြောင်း။

တိုက်ခန်းငှားလိုသည်
(ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ရန်)

Hall မြေညီ [ထပ်ခိုး(သို့) ပထမထပ်(သို့) နှစ်ထပ်အပါ] ရေမီးစုံနှင့် အကျယ်အဝန်း အနည်းဆုံးပေ(၁၇×၅၀)၊ လမ်းမတော်မြို့နယ်နှင့် ကျောက်တံတားမြို့နယ်ကြားရှိ တိုက်ခန်းအလိုရှိသည်။ ဆက်သွယ်ရန် အမှတ် ၂၁၁၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၃၈၁၇၁၈၊ ၃၈၄၃၆၈။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ခ/၄၄၈၄ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော်ခိုင် ၇/ထတပ(နိုင်)၀၇၂၁၈၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန(ခရိုင်ရုံး)၊ တောင်ငူ။

ရန်ကုန်ပညာရေးတက္ကသိုလ်
ပညာရေးဘွဲ့စာပေးစာယူသင်တန်း

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးဘွဲ့ စာပေးစာယူသင်တန်းသား ဆရာဆရာမများ ကိုယ်တိုင်တက်ရောက်သင်ယူရမည့် နွေရာသီအနီးကပ်သင်တန်းနှင့် ဖြေဆိုရမည့်စာမေးပွဲများကို ရန်ကုန်ပညာရေးတက္ကသိုလ်တွင် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

စဉ်	သင်တန်း	သင်တန်းကာလ	စာမေးပွဲကျင်းပမည့်ကာလ
၁။	အမှတ်စဉ်(၂၉) ပထမနှစ်	၂၅-၄-၂၀၁၁ရက် မှ	၁၈-၅-၂၀၁၁ရက် မှ
၂။	အမှတ်စဉ်(၂၈) ဒုတိယနှစ်	၁၅-၅-၂၀၁၁ရက်အထိ	၂၃-၅-၂၀၁၁ရက်အထိ

နောက်အကျဆုံးသတင်းပို့ရမည့်ရက် - ၂၄-၄-၂၀၁၁ရက်
သုံးရက်ထက်ကျော်လွန်
နောက်ကျခြင်းကို ခွင့်မပြုပါ။

ကျော်ဖုံ
ဌာနစုမှူး(စီမံ)
ပညာရေးဘွဲ့စာပေးစာယူသင်တန်း
ရန်ကုန်ပညာရေးတက္ကသိုလ်။

Gandamar Wholesale မှ ဖိတ်ခေါ်အပ်ပါသည်

ကုန်ပစ္စည်းမျိုးစုံအား တစ်နိုင်ငံလုံးရှိအိမ်ဆိုင်မှ Super Market များအထိ ဖောက်သည်ဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရန်စီစဉ်ထားသည့် ခေတ်မီ ဂန္ဓမာလက်ကားဈေးဝယ်စင်တာကြီးအား ရန်ကုန်မြို့၊ ဝေဇယန္တာလမ်းနှင့် ဂန္ဓမာလမ်းထောင့်တွင် မကြာမီဖွင့်လှစ်တော့မည်ဖြစ်ပါသည်။

စက်မှုဇုန်များရှိ ထုတ်ကုန်ပစ္စည်းများ၊ ဒေသထွက်လက်မှုပညာပစ္စည်းများ၊ ရိုးရာအဝတ်အထည်များ(ယွန်းထည်၊ ငွေထည်၊ ချည်ထည်၊ ပိုးထည်၊ ...)နှင့် ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းမျိုးစုံတို့အား လက်ကားဈေးဖြင့်(Wholesale Concept)၊ ဂန္ဓမာလက်ကားဈေးစင်တာမှတစ်ဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အသီးသီးသို့ ဖြန့်ဖြူးရောင်းချလိုသူများအား ဆက်သွယ်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

Gandamar Wholesale

ဆက်သွယ်ရန်လိပ်စာ -
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဝေဇယန္တာလမ်းနှင့်ဂန္ဓမာလမ်းထောင့်၊ ဖုန်း-၀၁-၆၅၇၃၁၁၊ ၀၁-၆၅၇၃၂၂၊ ၀၉-၈၆၁၆၅၇၃၊ ၀၉-၇၃၁၃၆၉၀၈။



ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၂၃၂၂၉ Jialing C 90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နေခြည်ဝင်း ၁/မကန(နိုင်)၀၅၂၇၇၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ပြည်နယ်ရုံး)၊
မြစ်ကြီးနား။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ယ/၄၃၁၀၄ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဂျာဘောက် ၁/မကန(နိုင်)၀၁၈၂၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ပြည်နယ်ရုံး)၊
မြစ်ကြီးနား။

သင့်သွေးဖြင့် အသက်ကယ်ပါ

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၃) နဝမတန်း (C_7)မှ မောင်အရေး(ခ)ကျော်ဆန်းဦး၏ ဖခင်အမည်မှန်မှာ ဦးဂူဆန်း(ခ)ဦးအာလူး ၇/လပတ(ပြ)၀၀၀၀၅၆ ဖြစ်ပါသည်။

လက်ပံလှ၌ စာပေဟောပြော

ရွှေဘို မတ် ၂၄

၁၃၇၂ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကို မတ် ၁၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် လက်ပံလှကျေးရွာ ပုဗ္ဗာရုံဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာများမှ ပြည်သူများတက်ရောက်ကြသည်။

ဟောပြော

ဆက်လက်၍ စာရေးဆရာ ကျော်ဇော(လှသိပ္ပံ)က စိုက်ပါပျိုးပါမြေကမ္ဘာ၊ အရိပ်လည်းရ၊ သက်ရှည်ကြ ခေါင်းစဉ်၊ သွေးတိုးရောဂါနှင့် အပူဒဏ်ကာကွယ်ရေးခေါင်းစဉ်တို့ဖြင့် လည်းကောင်း**(အပေါ်ပုံ)**၊ အကြီးတန်းသူနာပြုဆရာမ ဒေါ်ရီရီသန့်က ငယ်စဉ်ဘဝကျန်းမာမှ စိတ်လှကိုယ်ရွှင်ရောဂါစင် ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ခြင်ဆေးမီးပွား သတိမထားက စီးပွားဥစ္စာ ကုန်လိမ့်မည်

ဖလမ်းစည်ပင်သာယာဈေး မီးဘေးလုံခြုံရေး စစ်ဆေး

နေပြည်တော် မတ် ၂၆

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့မဈေးအတွင်း လျှပ်စစ်မီးသွယ်တန်းတပ်ဆင်မှု၊ မီးခလုတ်တပ်ဆင်မှုနှင့် ဈေးအတွင်းမီးသုံးစွဲမှု၊ ဈေးဆိုင်ခန်းများ တည်ခင်းရောင်းချမှုအခြေအနေကို မတ် ၁၄ ရက်က ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ကွင်းဆင်းစစ်ဆေးရာ ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထလာဟရဲနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလာလ်ဟုပ်ထန်တို့က ဈေးအတွင်း မီးဘေးလုံခြုံရေးဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြခဲ့ကြသည်။

(သတင်းစဉ်)

သန့်ရှင်းရေးဆောင်ရွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်ရှိ မြို့လယ်ချောင်းအတွင်း ဖေဖော်ဝါရီ ၂၆ ရက်က ရပ်ကွက်ပြည်သူများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက နုန်းများ၊ အမှိုက်သရိုက်များ ဆယ်ယူသန့်ရှင်းရေးဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး တောင်ငူ၌ ပညာပေးဟောပြော

တောင်ငူ မတ် ၂၄

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(တောင်ငူ)မှ ဦးဆောင်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို မတ် ၂ ရက် နံနက်ပိုင်းက တောင်ငူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်အောင်က အမှာစကားပြောကြားပြီး ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဦးစီးမှူး ဦးသောင်းမြင့်**(အပေါ်ပုံ)**၊ ဒုတိယဦးစီးမှူး ဒေါ်တင်တင်အေး၊ အကြီးတန်းစာရေး ဦးစောမင်းဆွေ၊ ဒေါ်သီတာကြွေ၊ ခရိုင်ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနဦးစီးမှူး ဦးအုန်းမောင်နှင့် မီးသတ်ဦးစီးဌာနမှူး ဦးထင်အောင်လင်းတို့က ယာဉ်စည်းကမ်းလိုက်နာရေးနှင့် မီးဘေးကာကွယ်ရေးတို့နှင့် စပ်လျဉ်း၍ ဟောပြောခဲ့ကြကြောင်း သိရှိရသည်။

(၁၁၅)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

တပ်မတော်နေ့ ဂုဏ်ပြု ရုပ်မြင်သံကြား ဇာတ်လမ်း ပြသမည်

နေပြည်တော် မတ် ၂၆

(၆၆)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု "မွေးနေ့လက်ဆောင်"အမည်ရှိ ရုပ်မြင်သံကြား ဇာတ်လမ်းကို မတ် ၂၇ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဆက်လက် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဇာတ်လမ်းကို ဇာတ်ညွှန်း/ဒါရိုက်တာ အကယ်ဒမီ ဇော်မြင့်ဦးက စီစဉ်ရိုက်ကူး ပြီး သရုပ်ဆောင်များအနေဖြင့် အကယ်ဒမီ ထွန်းထွန်းဝင်း၊ အကယ်ဒမီ ခင်မို့မို့အေး၊ နိုင်လူ၊ ဘုန်းလျှန်၊ မင်းထက်နှင့် ကျော်ခန့်တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

ဆက်လက်ထုတ်လွှင့်

ယင်းဇာတ်လမ်းကို မြန်မာ့ရုပ်မြင်သံကြား၌ မတ် ၂၇ ရက် (တနင်္ဂနွေနေ့) ည ၈ နာရီ သတင်းများအပြီးတွင်လည်းကောင်း၊ MRTV-4 ရုပ်မြင်သံကြား၌ မတ် ၂၇ ရက် (တနင်္ဂနွေနေ့) ည ၈ နာရီ သတင်းမတိုင်မီတွင်လည်းကောင်း၊ Myanmar International ၌ မတ် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင်လည်းကောင်း ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း (၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု

ကိုမြန်မာ၏ "တာဝန်ကျေသော ဉယျာဉ်မှူးကြီး- ပြည်သူ့တပ်မတော်" ဆောင်းပါး

အထူးထုတ် (ဃ၊ ခ၊ ဂ)

မြင်းမူမောင်နိုင်မိုး၏ "ပြည်သူ့အတွက်တပ်မတော်" ကဗျာ

အထူးထုတ် (ဂ)

ကမ္ဘာဂြိုဟ်အနီး အညိုရောင်ကြယ်တာရာသစ်နှစ်လုံးတွေ့ရှိ

➤ မောင်မောင်မြင့်ဆွေ - ရေးသားသည် ➤

ကမ္ဘာဂြိုဟ်မှ အလင်းနှစ် ၇၅ နှစ်အကွာအဝေးတွင် အညိုရောင် ရှိပြီး အရွယ်အစားသေးငယ်သော ကြယ်တာရာသစ်နှစ်လုံးကို အာကာသ သိပ္ပံပညာရှင်များက မတ် ၂၃ ရက်တွင် ရှာဖွေတွေ့ရှိခဲ့ကြသည်။

အသုံးပြုရှာဖွေ

ဥရောပအာကာသသိပ္ပံပညာရှင်များအဖွဲ့က အလွန်ကြီးမားသည့် အာကာသအဝေးကြည့်မှန်ပြောင်း(ဗွီအယ်လ်တီ)ကို အသုံးပြုပြီး ရှာဖွေခဲ့ ကြခြင်းဖြစ်သည်။ အညိုရောင်ကြယ်တာရာတစ်လုံးမှာ အအေးဓာတ် လွန်ကဲနေပြီး အပူချိန်လည်း လွန်မင်းစွာ ကျဆင်းနေကြောင်း ဥရောပ အာကာသသိပ္ပံပညာရှင်များအဖွဲ့မှ သုတေသနပညာရှင် ဖီးလစ်ပီဒီလိုမီက ပြောကြားသည်။

အညိုရောင်ကြယ်တာရာသစ်နှစ်လုံးအနက် အလှမ်းဝေးသော ကြယ်တာရာတွင်မူ အပူချိန် ၁၀၀ ဒီဂရီဆဲလ်စီးရပ်စ်အထိ ရှိနေပြီး ရေဆူမှတ်ရောက်ရှိနေကြောင်း၊ ***စာမျက်နှာ ၁၂ ကော်လံ ၆*** ●



ကြယ်တာရာသစ်နှစ်လုံးကို တွေ့ရစဉ်။ (ဓာတ်ပုံအင်တာနက်)

ရောင်စုံအထူးထုတ်အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် တပ်မတော်နေ့ ရောင်စုံအထူးထုတ်အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ထူးခြားသည့် နေ့အပူချိန်များ

၂၆-၃-၂၀၁၁

ချောက်မြို့	၄၁ ဒီဂရီစင်တီဂရိတ်
နေပြည်တော်(ရေဆင်း)	၄၀ ဒီဂရီစင်တီဂရိတ်
မန္တလေးမြို့	၄၀ ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၀ ဒီဂရီစင်တီဂရိတ်